# ဒုတိယအကြိမ်
# ရှမ်းပြည်နယ်လွှတ်တော်
# အထူးအစည်းအဝေး(၁/၂၀၁၉)
# မှတ်တမ်း

# ရှမ်းပြည်နယ်
# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# အထူးအစည်းအဝေး(၁/၂၀၁၉)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **(က)** | **အထူးအစည်းအဝေး (၁/၂၀၁၉) ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ပြည်နယ်လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၂ |
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၂ |
| (၅) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၅ |
| (၆) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၇ |
| (၇) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၁၀ |
| (၈) | နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက် ရယူခြင်း။ | ၁၀ |
| (၉) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ | ၁၃ |
| (၁၀) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစာရင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ | ၁၆ |

(၁၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)ပထမနေ့ရုပ်နားကြောင်းနှင့်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၆

**( ခ) အထူးအစည်းအဝေး (၁/၂၀၁၉) ဒုတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၇

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၈

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကြေညာခြင်း။ ၁၈

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ် ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၈

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၀

(က) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**“မိုင်းယန်း မြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စုရှိ နမ့်မှတ်၊ နောင်ဟွိုင်နှင့် ဝမ်အွိုက်ကျေးရွာများ၊ မိုင်းခတ်မြို့နယ်နှင့် ဆက်စပ်လျက်ရှိ သော ကျေးရွာများတွင် တယ်လီဖုန်းလိုင်း ဆက်သွယ်ရေး ဆောင်ရွက်ပေးနိုင်မှု”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀

( ခ) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“အခြေခံ ပညာကျောင်းများတွင် တိုင်းရင်းသား စာပေဘာသာစကား သင်ကြားမည့် ဆရာ/ ဆရာမလောင်းများအား ယခုစာသင်နှစ် (၂၀၁၉- ၂၀၂၀)တွင် ခန့်ထားပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၂

( ဂ) ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“တောင်ကြီးဆေးတက္ကသိုလ်ရှေ့ရှိ ကုန်တင်ကားကြီးစခန်းအား ဆောက်လုပ်ပြီးစီးသည့် ခေတ်မီအဆင့်မြင့်ယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ရန်နှင့် နေရာဟောင်းတွင် ရှမ်းပြည်နယ်၏ကျန်းမာရေး ဇုန်နေရာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၄

(ဃ) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“တောင်ကြီးမြို့၊ မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၉

(၂) **“ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပိုဒ်(၁၅)၊ (၁၆)”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၄

(င) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“မိုင်းပျဉ်းမြို့နယ်ရှိ ယမ်းခမ်းကျေးရွာအုပ်စု၊ ကောင်းခမ်းကျေးရွာ၊ ဖာဝေါကျေးရွာအုပ်စု၊ တောင်သုံးလုံးကျေးရွာနှင့် ယမ်းမိုင်ကျေးရွာအုပ်စု၊ပိန်းမုံကျေးရွာများတွင် စိမ့်စမ်းရေသွယ်လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၃

(၂) **မိုင်းပျဉ်းမြို့၊ ဝမ်ဖြစ်ကျေးရွာအုပ်စုအတွင်းရှိ သတ်မှတ်အမှိုက်ကျင်းမြေနေရာ သွားလမ်းကို ကျောက်ရောမြေသားလမ်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၅

(စ) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“မိုင်းဆတ်မြို့နယ်အတွင်းရှိ မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု၊ မိုင်းလုံးကျေးရွာအုပ်စုနှင့် မိုင်းခုတ်မြို့အထိ မြေသားလမ်း(၂၂)မိုင်အားကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၇

(၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၄၉

## ( ဂ) အထူးအစည်းအဝေး (၁/၂၀၁၉) တတိယနေ့ မှတ်တမ်း


| | | |
|---|---|---|
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ | ၅၀ |
| (၂) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၅၁ |
| (၃) | ပြည်နယ်လွှတ်တော် အစည်းအဝေး တတိယနေ့ အစီအစဉ်ကြေညာခြင်း။ | ၅၁ |
| (၄) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ | ၅၁ |
| (၅) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ | ၅၃ |
| (၆) | ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစာရင်းများနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ | ၆၇ |
| (၇) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်း တင်ပြခြင်း။ | ၇၀ |
| (၈) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)တတိယနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) ပြီးမြောက်ကြောင်း ကြေညာခြင်း။ | ၇၂ |
| - | ဆုံးဖြတ်ချက်များ | ၇၃ |

# ရှမ်းပြည်နယ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# အထူးအစည်းအဝေး(၁/၂၀၁၉)

# (ပထမနေ့)မှတ်တမ်း

# ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

# ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ ၈ ရက်

# [တနင်္လာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) (ပထမနေ့) အစီအစဉ်ကို နံနက် (၁၀)နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## အထူးအစည်းအဝေး (၁/၂၀၁၉) စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၁)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏(၈၇.၁၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ် ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄ (က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး

ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) ၈-၇-၂၀၁၉ ရက် (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား နမ့်စန် မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဦးယောသပ်၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ၊ ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၃)ရက်။

(၄) ဦးအိုက်မွန်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၃)ရက်။

(၅) ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၆) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၇) ဦးဘေရင်နယ်(ခ) ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၃) ရက်။

(၈) ဦးအယိုင်စဉ်၊ မန်တုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၉) ဦးကျကဖော်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၀) ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၁) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၃)ရက်။

(၁၂) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၃)ရက်။

(၁၃) ဦးခင်မောင်ညွန့်၊ ကျေးသီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၄) ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၅) ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၆) ဦးတင်လှိုင်၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၃)ရက်။

(၁၇) ဦးအိုက်ခမ်းလှိုင်၊ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

(၁၈) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၃)ရက်။

ယနေ့ ခွင့်ပန်ကြားသူ(၁၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၈)ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး

(၁/၂၀၁၉) (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးပြီး (၂၄)ရက်အကြာမှာ ယခုထပ်မံခေါ်ယူတဲ့ အထူးအစည်းအဝေး (၁/၂၀၁၉) စုံညီစွာ တက်ရောက်လာကြတဲ့အတွက် ကျေးဇူးတင်ရှိ ပါကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ပြည်သူ့အကျိုးကို သယ်ပိုးရင်း မိမိတို့ ကိုယ်စီအတွက်လည်း ဆန္ဒနဲ့ ဘဝ တစ်ထပ်တည်း ကျပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ယခုခေါ်ယူတဲ့ အစည်းအဝေးဟာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၀)ရက် နေ့စွဲပါစာအမှတ်၊ ၈၁၄၄ / ၇ -၂၁၆ / အစရ(ရှမ်း)ဖြင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ၈- ၇- ၂၀၁၉ ရက်နေ့မှာ လွှတ်တော်အထူးအစည်းအဝေး (၁/ ၂၀၁၉) ကျင်းပပေးရန် လွှတ်တော်ကို သဝဏ်လွှာပေးပို့ချက်အရ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၈နှင့် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၃ အရ ယခုအထူးအစည်းအဝေးကို ခေါ်ယူပြီး အစည်းအဝေး မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၉- ၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစာရင်းများအား လွှတ်တော်သို့ တင်သွင်း၍ လွှတ်တော်၏ အတည်ပြုချက်ကို သတ်မှတ်

ကာလအတွင်း ရယူဖို့ ရည်ရွယ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖော်ပြပါ ရသုံးငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ကြိုတင်စိစစ်နိုင်ရန် ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီနဲ့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီတို့က ဒီလ(၃)ရက်နေ့မှာ စတင်ပြီး စိစစ်ရေးလုပ်ငန်းများကို ကြားနာပွဲမှာ ခေါ်ယူဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ရေးရာကော်မတီများက Public Hearing ခေါ်တဲ့ ကြားနာပွဲကို ဆောင်ရွက်ရာမှာ ကြားနာပွဲဆိုတဲ့ အသုံးအနှုန်းထက် သက်ဆိုင်ရာဝန်ကြီး ဌာနများနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းဆိုရင် ပိုမိုသင့်လျော်မှာ ဖြစ်ပါတယ်။ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းသည် ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်ဘဲ Check and Balance ဆောင်ရွက်တာဖြစ်ပါတယ်။ ယခု ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ရေးဆွဲခြင်းမပြုမီ သက်ဆိုင်ရာကော်မတီများနဲ့ ကြိုကြိုတင်တင်ညှိနှိုင်းဆောင်ရွက်ပါက ပိုမိုထိရောက်စေမှာ ဖြစ်ပါတယ်။ Hearing ဆိုသည်မှာ ကျယ်ပြန့်ပါတယ်။ Court Hearing နဲ့ Parliamentary Hearing ဆိုပြီးရှိရာ ကျွန်တော်တို့ ရေးရာကော်မတီများက Parliamentary Hearing ဖိတ်ခေါ်ဆွေးနွေးခြင်း နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ Hearing နှင့်စပ်လျဉ်းပြီး ဆောင်ရန်၊ ရှောင်ရန်ကိစ္စရပ်များကို ဒီလ(၅)ရက်နေ့မှာပြုလုပ်တဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ MPU အစည်းအဝေးမှာ ဆွေးနွေးမှာကြားမှုများရှိကြောင်း ကောက်နုတ်ဖော်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီအထူးအစည်းအဝေးကို ၂၀၁၉-၂၀၂၀ခု၊ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ရသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းပြီး ဆောင်ရွက်မည့်လုပ်ငန်းများကို အတည်ပြုနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ ညှိနှိုင်း အကြောင်းကြားချက်အရ ခေါ်ယူခြင်းဖြစ်သလို ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့လည်း နိုင်ငံတော်သမ္မတက ပေးပို့လာတဲ့ သဝဏ်လွှာအရ လွှတ်တော်ကဆောင်ရွက်စရာရှိသည်များကို တစ်ပေါင်းတည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အစည်းအဝေးမှာ ဥပဒေကြမ်းတင်သွင်းခြင်းနဲ့ အဆိုများတင်သွင်းခြင်း အစီအစဉ်မရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်များက ဒီလ ၂၇- ၇- ၂၀၁၉ ရက်နေ့ အရောက်ပေးပို့ထားတဲ့ ကြယ်ပွင့်ပြမေးခွန်း အချို့မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့တဲ့ ဥပဒေ(မူကြမ်း) (၆)ခုအနက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်ပြီးတော့ ဥပဒေကြမ်း(၂)ခုကို အခြေအနေပေးမှုအပေါ်မူတည်ပြီးတော့မှ ဒီအစည်းအဝေးမှာ ဆောင်ရွက်ဖို့ ရှိပါတယ်။

နိဂုံးချုပ်အားဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉)ကို မပျက်မကွက် တက်ရောက်ပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအား ကျေးဇူးတင်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့ အားလုံးဟာ သမိုင်းပေးတာဝန်အရ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အတူတကွတာဝန် ထမ်းဆောင်ခွင့်ရတဲ့ အချိန်မှာ အပြုသဘောဆောင်တဲ့ အပြန်အလှန် နားလည်မှုကို တည်ဆောက်ပြီး မိမိတို့လွှတ်တော်ခိုင်မာအားကောင်းအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်လုပ်ငန်းများအပါအဝင် ဒီအထူးအစည်းအဝေးမှာ ဆောင်ရွက်ရန် လျာထားတဲ့ အစီအစဉ်များကို အောင်အောင်မြင်မြင်ဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြပါစိုလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉)သို့တက်ရောက်လာကြပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ဒီကနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး ခေါ်ယူရတဲ့ အကြောင်းအရင်းကတော့ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် လွှတ်တော်မှ အတည်ပြုပေးရန်အတွက် ခေါ်ယူရခြင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်သော ဌာန/ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေစာရင်းများအား ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အရအသုံးခန့်မှန်းခြေရေးဆွဲထားမှု အခြေအနေမှာ စုစုပေါင်းရငွေအနေနဲ့ ကျပ် **၄၅.၃၀၅** ဘီလီယံနဲ့ စုစုပေါင်း သုံးငွေအနေနဲ့ ကျပ် **၂၉၅.၉၉၅** ဘီလီယံဖြစ်တဲ့အတွက် ရငွေနဲ့ အသုံးစရိတ်ခြားနားချက် လိုငွေ ကျပ်

**၂၅၀.၆၉၀** ဘီလီယံကို ပြည်ထောင်စုက ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ ထောက်ပံ့ငွေနဲ့ ပတ်သက်၍ တင်ပြလိုတာကတော့ ပြည်ထောင်စုမှ ရှမ်းပြည်နယ်၏ လိုငွေအတွက် ထောက်ပံ့ရာမှာ ကျပ် **၂၂၅.၂၈၁** ဘီလီယံအား ပထမအကြိမ် ထောက်ပံ့ပေးခဲ့ပါတယ်။ ဒါ့အပြင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှာ ကျင်းပပြုလုပ်ခဲ့တဲ့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားများချက် ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဆောင်စိစစ်ခဲ့တဲ့ အစည်းအဝေး လမ်းညွှန်ချက်အရ ပြည်ထောင်စုမှ ရှမ်းပြည်နယ်အတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေအဖြစ် ၀၃-၀၈၊ လျှပ်စစ်မီးနှင့် ဓာတ်အားခအတွက် ကျပ် ၁.၆၀၉ဘီလီယံနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်အတွက် ကျပ် ၂၃.၈ဘီလီယံတို့အား ထပ်မံထောက်ပံ့ပေးအပ်ခဲ့တဲ့အတွက် စုစုပေါင်း ပြည်ထောင်စုမှ ရှမ်းပြည်နယ်၏ လိုငွေအတွက် ထောက်ပံ့ငွေ ကျပ် ၂၅၀.၆၉ ဘီလီယံ ရရှိခဲ့ပါတယ်။ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အတွင်းရှိ ဌာန/ အဖွဲ့အစည်းများရဲ့ မလိုအပ်သည့် ငွေလုံးငွေရင်း အသုံးစရိတ်များကို လျှော့ချပြီး ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့် လုပ်ငန်းများကို ဦးစားပေး ခွဲဝေချထားရန် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်အရ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းနှင့် ရုံးသုံးမော်တော်ယာဉ်၊ ဆိုင်ကယ်များ ဝယ်ယူခြင်းများအတွက် ကျပ် ၃.၀၇၅ ဘီလီယံ စိစစ် လျှော့ချခဲ့ပြီး အဆိုပါစိစစ်လျှော့ချငွေရပ်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေ ကျပ် ၂၃.၈ ဘီလီယံ၊ စုစုပေါင်း ကျပ် ၂၆.၈၇၅ ဘီလီယံအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ ဌာန/ အဖွဲ့အစည်း (၁၁)ဖွဲ့ကို ခွဲဝေချထားပေးခဲ့ပါကြောင်း တင်ပြအစီရင်ခံပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မကြာသေးမီကာလက တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရုံးများ၏ ဖွဲ့စည်းပုံအား အလျဉ်းသင့်၍ အနည်းငယ် တင်ပြလိုပါတယ်။ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ရုံးဖွဲ့စည်းပုံအဆင့်ဆင့်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ရှမ်းပြည်နယ်အတွင်းမှာ 'ဝ'၊ ပအိုဝ်း၊ ဓနု၊ ပလောင်၊ ကိုးကန့် စသည့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးရုံးများဖြင့် ဖွဲ့စည်းခဲ့ပြီး လောက်ကိုင်ခရိုင်ကို ပယ်ဖျက်ကာ ရုံးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါတယ်။ ၂၈- ၁၂ - ၂၀၁၈ ရက်နေ့မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနအောက်မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအောက်သို့ ပြောင်းလဲခဲ့ပြီး ဖြစ်ပါတယ်။ ယင်းအချိန်မှာ ရှမ်းပြည်နယ်အနေနဲ့ ခရိုင်ပေါင်း (၁၂)ခရိုင်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၄)ခုတို့ဖြင့် ဖွဲ့စည်းထား

ရှိခဲ့ပါတယ်။ လက်ရှိမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ဝန်ကြီးဌာန၏ ၁၆- ၅- ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃၀/ ၂၀၁၉ ဖြင့် တောင်ကြီးခရိုင်အတွင်းရှိ မူလ(၁၀)မြို့နယ်ရှိသည့်အနက် ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်တို့ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် လည်းကောင်း၊ ပင်းတယ၊ ရွာငံမြို့နယ်တို့ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် လည်းကောင်း ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါတယ်။

ဒ့်ါအပြင် ကျောက်မဲခရိုင်အတွင်းမှာ မူလ(၆)မြို့နယ်ရှိသည့်အနက် နမ့်ဆန်နှင့် မန်တုံမြို့နယ်တို့ကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း၊ ယခင်ကလောက်ကိုင်ခရိုင်ဟု သတ်မှတ်ထားခဲ့သော်လည်း လောက်ကိုင်နဲ့ ကုန်းကြမ်းမြို့နယ်တို့ကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ်လည်းကောင်း၊ ဟိုပန်၊ မိုင်းမော၊ ပန်ဝိုင်၊ မက်မန်း၊ ပန်ဆန်း၊ နားဖန်းမြို့နယ်တို့နဲ့ ပန်လုံ၊ နမ့်တစ်၊ မန်ကန်မြို့တို့ကို 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် လည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

ယခင်က ပအိုဝ်း၊ ဓနု၊ ပလောင်၊ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအား ဒုတိယညွှန်ကြားရေးမှူးအဆင့် တာဝန်ပေးခန့်အပ်ခဲ့ပြီး 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးအဆင့် အရာထမ်းတို့အား တာဝန်ပေးအပ်ခဲ့သော်လည်း ယခုအခါ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၏ ၅-၆-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၀၀/ ၆-၃၆ (၇၀၀)/ ရေး၁ (အထဥ)ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအား ညွှန်ကြားရေးမှူးအဆင့် အရာထမ်းများဖြင့် ဖွဲ့စည်းပုံတိုးချဲ့တာဝန်ပေးအပ်ခဲ့ပါကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ပြည်ထောင်စုမှ ထောက်ပံ့ငွေ ကျပ် **၂၃.၈၀၀** ဘီလီယံ ထပ်မံရရှိမှုနှင့် ၎င်းထောက်ပံ့ငွေ အပါအဝင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ရုံးသုံးမော်တော်ယာဉ်/ ဆိုင်ကယ်ဝယ်ယူခြင်းများအတွက် စိစစ်လျှော့ချငွေ ကျပ် ၃.၀၇၅ ဘီလီယံ စုစုပေါင်း ကျပ် **၂၆.၈၇၅** ဘီလီယံအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဌာန/ အဖွဲ့အစည်းများသို့ ထပ်မံခွဲဝေချထားပေးမှုအား ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကျွန်တော့်အနေနဲ့ ပြည်နယ်လွှတ်တော်သို့ တင်သွင်း၍ သဘောတူညီချက်ရယူဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်းနှင့် ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်အထူးအစည်းအဝေး (၁/၂၀၁၉)သို့ မအားလပ်သည့်ကြားမှ အချိန်ပေး၍ တက်ရောက်ပေးကြသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံ့တာဝန်များနှင့် ရှမ်းပြည်နယ် ပြည်သူလူထုများအကျိုးကို ကျန်းမာရွှင်လန်းစွာဖြင့်

ဆတက်ထမ်းပိုး ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ပထမနေ့)မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၃၈ (ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်သမ္မတရုံးမှ (၁၉-၆-၂၀၁၉) ရက်စွဲပါစာအမှတ် ၁၈၆ (၁)/၈/ သမ္မတရုံးဖြင့် သဝဏ်လွှာပေးပို့ လာပါတယ်။ သဝဏ်လွှာအပြည့်အစုံမှာ-

သို့

ဥက္ကဋ္ဌ
ရှမ်းပြည်နယ်လွှတ်တော်

အကြောင်းအရာ။ **သဝဏ်လွှာပေးပို့ခြင်း**

တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးတွင် **“လူဝင်မှု ကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာန”** တစ်ခု တိုးချဲ့ဖွဲ့စည်းလိုပါသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူပေးနိုင်ပါရန် သဝဏ်လွှာပေးပို့ပါသည်။

ဝင်းမြင့်
နိုင်ငံတော်သမ္မတ

ဟု ဖော်ပြပါရှိပါတယ်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)အရ နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီဖြင့် ပုဒ်မခွဲ(၁)တွင် **“တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများကို လိုအပ်သလို သတ်မှတ်နိုင်သည်။ ထို့ပြင် သတ်မှတ်ဝန်ကြီးဌာနများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်သည်”** ဟုလည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်

လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၈ တွင် **"နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်"**ဟု လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၄၆ တွင် **"ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ် ရယူပြီး ယင်းအဆုံးအဖြတ်ကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်"**ဟု လည်းကောင်း ပြဋ္ဌာန်း ပါရှိပါတယ်။

ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် **"လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်း အမြစ်ဝန်ကြီးဌာန"** တစ်ခု တိုးချဲ့ ဖွဲ့စည်းနိုင်ရန်အတွက် နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာ ပြန်လည်ပေးပို့ရမှာ ဖြစ်တဲ့အတွက် ယခုလွှတ်တော်ရဲ့ သဘောတူညီချက်ကို ရယူမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် **"လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာန"** တစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

××××× ××××× ××××××

သဘောတူပါ သလားခင်ဗျား။

××××× ××××× ××××××

သဘောတူပါ သလားခင်ဗျား။

သဘောမတူသည့် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။

**ဦးသန်းဝင်း၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ရှိပါတယ် ခင်ဗျား။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ (၂၀၀၈)ခုနှစ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရသော လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ချိန်ထိုးပြီး အခြေခံဖွဲ့စည်းပုံခြေခံဥပဒေ ပုဒ်မ ၂၄၈(ဂ)အရ သမ္မတသည် တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ဝန်ကြီးဌာနတွေကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားတာရှိပါတယ်။

သို့သော်လည်းပဲ ယခုဖွဲ့စည်းမည့်ဌာနသည် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဝန်ကြီးဌာနဖြစ်နေပါတယ်။ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၏ ရည်မှန်းချက် လုပ်ငန်း(၃)ရပ်ဖြစ်တဲ့ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ခြင်းနှင့် နိုင်ငံသား မှတ်ပုံတင်ခြင်းလုပ်ငန်း၊ ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းခြင်းလုပ်ငန်းများကို

ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီရည်မှန်းချက်တွေအပေါ်မှာ လုပ်ငန်းစဉ်(၉)ခုလည်း ပူးတွဲဆောင်ရွက်ရပါတယ်။ ဒ့်ါအပြင် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်း၊ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်ထုတ်ပေးရန်အတွက် လုပ်ငန်းစဉ်ရည်မှန်းချက်များအတိုင်း နိုင်ငံအတွင်း အခြေချဝင်ရောက်လာသော နိုင်ငံခြားသား စာရင်းကောက်ယူရေး၊ ပြည်တွင်းသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း၊ လူဦးရေ၊ မူဝါဒလုပ်ငန်းများစသဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စီမံခန့်ခွဲရေးကိစ္စများကို အဓိကကိုင်တွယ်ရသော ဌာနကြီးဖြစ်လို့ ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်းပဲ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမျိုးလက်အောက်သို့ ဖြန့်ဝေပေးတဲ့လုပ်ငန်းကို မလုပ်ဘဲ ဗဟိုကသာလျှင် ကိုင်တွယ်ကြီးကြပ်ဆောင်ရွက်ကြပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၁) စီမံခန့်ခွဲရေးအပိုင်းမှာ ပါဝင်တဲ့ သန်းခေါင်စာရင်း၊ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို ထည့်သွင်းဖော်ပြထားကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမျိုးကို ဗဟိုက မကိုင်တွယ်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ဖြန့်ခွဲဆောင်ရွက်ခြင်းသည် လက်ရှိ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ကွဲလွဲနေကြောင်း တွေ့ရှိရပါတယ်။ ယခုအသစ်ပြဋ္ဌာန်းမည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပါ မိဘမဲ့ ကလေးများအတွက် မွေးစာရင်းသွင်းခြင်း၊ အိမ်ထောင်စုစာရင်းထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးအတွက် လိုအပ်သော အချက်အလက်များ စိစစ်ထုတ်ပေးခြင်းစသည့် လုပ်ငန်းများသည် တစ်ကြောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ရေရှည်မှာ နိုင်ငံတော်အတွက် ရှင်းမရနိုင်သည့် ပြဿနာတွေ ဖြစ်လာနိုင်တယ်လို့ သုံးသပ်ရပါတယ်။

နောက်ဆုံးအနေဖြင့် ရခိုင်တွင်ဖြစ်ပွားနေသော နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများနှင့်ပတ်သက်ပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ ပေးအပ်ရမည့် အခွင့်အရေးများနှင့် လူသားအရင်းအမြစ်ဆိုင်ရာ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးရမည့်ကိစ္စများနှင့် ဆက်စပ်စဉ်းစားမယ်ဆိုလို့ရှိရင် ရေရှည်တွင် နိုင်ငံတော်အနာဂတ်အတွက် အငြင်းပွားရှုပ်ထွေးဖွယ်ရာများနှင့် ဆက်စပ်နေခြင်းတို့ကြောင့် ယခုဖွင့်လှစ်မည့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာနကို ပြည်နယ်မှာ ဖွင့်လှစ်ရန် မသင့်ကြောင်း ကန့်ကွက်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် **"လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန"** တစ်ခု တိုးချဲ့

ဖွဲ့စည်းခြင်းကို သဘောမတူကြောင်း မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက ကန့်ကွက်သွားပါတယ်။ ကန့်ကွက်သည့်ကိုယ်စားလှယ်ရှိသည့်အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ဆန္ဒမဲဖြင့် ရယူမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၁၊ ပုဒ်မခွဲ (က)နှင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(က)အရ အစည်းအဝေးသို့ တက်ရောက်၍ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးရန် စက်ခလုတ်သုံး၍ လျှို့ဝှက်မဲပေးတဲ့ စနစ်ကို ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် **"လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန"** တစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကို သဘောတူသည့် ကိုယ်စားလှယ်များက ထောက်ခံဆန္ဒမဲပေး၍ တိုးချဲ့ဖွဲ့စည်းခြင်းကို သဘောမတူသည့် ကိုယ်စားလှယ်များက ကန့်ကွက်ဆန္ဒမဲပေးရန် ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲများပါက ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်က သဘောတူကြောင်းကြေညာမှာဖြစ်ပြီး ကန့်ကွက်မဲများပါက ဝန်ကြီးဌာနတစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်က သဘောမတူကြောင်း ကြေညာရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဆန္ဒမဲပေးနိုင်ပါပြီဆိုတဲ့ အခါကျမှ စက်ခလုတ်ကို စတင်အသုံးပြုစေလိုပါတယ်။ ယခု ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံဆန္ဒမဲ (၃၂)မဲ၊ ကြားနေမဲ(၁)မဲ၊ ကန့်ကွက်မဲ (၈၇)မဲ၊ မဲမပေးသူ (၁)ဦး ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ထောက်ခံဆန္ဒမဲများသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် **"လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန"** တစ်ခု တိုးချဲ့ဖွဲ့စည်းခြင်းကို ရှမ်းပြည်နယ်လွှတ်တော်က သဘောမတူကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** ယခုအစီအစဉ် (၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီးမှ တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)သို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ဒီကနေ့ အစည်းအဝေးတွင် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေများနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေးအတွက် တင်ပြလိုပါတယ်။

၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန / အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအခြေအနေမှာ စုစုပေါင်းရငွေ ကျပ်ကတော့ **၄၅.၃၀၅** ဘီလီယံ စုစုပေါင်းသုံးငွေ ကျပ် **၂၉၅.၉၉၅** ဘီလီယံ ဖြစ်သည့်အတွက် စုစုပေါင်းလိုငွေ ကျပ် **၂၅၀.၆၉၀** ဘီလီယံကို ပြည်ထောင်စုမှ ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ လိုငွေဖြည့်ဆည်းထောက်ပံ့ငွေ ကျပ် **၂၅၀.၆၉၀** ဘီလီယံအနက်မှ ကျပ် **၂၂၅.၂၈၁** ဘီလီယံအား ပထမအကြိမ် ထောက်ပံ့ပေးခဲ့ပြီး ပြည်ထောင်စုမှ ရှမ်းပြည်နယ်အတွက် ဒုတိယအကြိမ် ထောက်ပံ့ငွေအဖြစ် လျှပ်စစ်မီတာခတိုးမြှင့်ခြင်းအတွက် ကျပ် **၁.၆၀၉** ဘီလီယံနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်အတွက် ကျပ် **၂၃.၈၀၀** ဘီလီယံအား ထပ်မံထောက်ပံ့ပေးခဲ့တဲ့အတွက် စုစုပေါင်းပြည်ထောင်စုမှ ရှမ်းပြည်နယ်ရဲ့ လိုငွေအတွက် ထောက်ပံ့ငွေ ကျပ် **၂၅၀.၆၉၀** ဘီလီယံ ရရှိခဲ့ပါတယ်။

လျှပ်စစ်မီတာခတိုးမြှင့်ခြင်းကြောင့် ပြည်ထောင်စုမှထပ်မံထောက်ပံ့ငွေ ကျပ် **၁.၆၀၉** ဘီလီယံ အား ဌာန/ အဖွဲ့အစည်းများသို့ ခွဲဝေချထားရာတွင် ၂၀၁၉-၂၀၂၀ ခု ၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတင်ပြစဉ်က ပါဝင်ခဲ့သည့် ၀၃-၀၈။ လျှပ်စစ်မီးနှင့် ဓါတ်အားခ အတွက် တောင်းခံမှုအပေါ်မူတည်၍ ရာခိုင်နှုန်းအလိုက် ခွဲဝေပေးခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။

ဒါ့အပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက် အရ ရှမ်းပြည်နယ်အတွင်းရှိ ဌာန/ အဖွဲ့အစည်းများ၏ မလိုအပ်သော ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းအတွက် ကျပ် **၂.၉၇၈** ဘီလီယံနှင့် ရုံးသုံးမော်တော်ယာဉ်/ ဆိုင်ကယ်

ဝယ်ယူခြင်းများအတွက် ကျပ် **၀.၀၉၇** ဘီလီယံ စုစုပေါင်း ကျပ် **၃.၀၇၅** ဘီလီယံကို စိစစ်လျှော့ချဖြတ်တောက်ခဲ့ပါတယ်။ အဆိုပါ စိစစ်လျှော့ချငွေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေ ကျပ် **၂၃.၈၀၀** ဘီလီယံ စုစုပေါင်း ကျပ် **၂၆.၈၇၅** ဘီလီယံအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (နတလ)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးဌာနများအတွက် ဦးစားပေး၍ ခွဲဝေချထားပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန/ အဖွဲ့အစည်းများအနေဖြင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အထိ ရရှိခဲ့သော ခွဲဝေချထားငွေများကို မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်(၅၅)မြို့နယ် အတွက် သုံးစွဲမှုရာခိုင်နှုန်းအပေါ် အခြေခံ၍ ခွဲဝေချထားပေးခဲ့ပြီး အသုံးစရိတ်ပါဝင်မှု ရာခိုင်နှုန်းအား ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဌာနဆိုင်ရာအကြီးအကဲများအား ဖြန့်ဝေပြီးဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အတွင်းရှိ ဌာန/ အဖွဲ့အစည်းများ၏ မလိုအပ်သော ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းနှင့် ရုံးသုံးမော်တော်ယာဉ်/ ဆိုင်ကယ်ဝယ်ယူခြင်းများအတွက် စိစစ်လျှော့ချငွေနှင့် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေများအား ဌာနဆိုင်ရာများသို့ ခွဲဝေချထားပေးမှုများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများကြားနာပွဲကို ၃-၇-၂၀၁၉၊ ၅-၇-၂၀၁၉ နှင့် ၆-၇-၂၀၁၉ ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါကော်မတီများ၏ စိစစ်အတည်ပြုချက်ကို ရယူခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်သည့် ဌာန/ အဖွဲ့အစည်းများသို့ ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေရပ် ကျပ် **၂၃.၈၀၀** ဘီလီယံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ရုံးသုံးမော်တော်ယာဉ်/ ဆိုင်ကယ် ဝယ်ယူခြင်းများအတွက် စိစစ်လျှော့ချငွေ ကျပ် **၃.၀၇၅** ဘီလီယံ စုစုပေါင်း ကျပ် **၂၆.၈၇၅** ဘီလီယံ ထပ်မံခွဲဝေချထားပေးမှုအပေါ် ယနေ့ကျင်းပသည့် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးမှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစာရင်းများနှင့် စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ ၁၀ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်း၊ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)(ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)(ဒုတိယနေ့) ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ ၉ ရက် (အင်္ဂါနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

# ရှမ်းပြည်နယ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## အထူးအစည်းအဝေး(၁/၂၀၁၉)

## (ဒုတိယနေ့)မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်

## ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်

## [ အင်္ဂါနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ဒုတိယနေ့)အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## အထူးအစည်းအဝေး(၁/၂၀၁၉) စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)(ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၂၁)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၆.၄၃%) ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၁၈၀(က)နှင့်ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့

ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) ၉-၇-၂၀၁၉ရက်(ဒုတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဦးယောသပ်၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးကကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးစိုင်းထွန်းညာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၂)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၆)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၉)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်း အဝေး (၁/၂၀၁၉) (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၃)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၁၉)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ဒုတိယနေ့) သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်ရှိ မိုင်းလွေကျေးရွာအုပ်စု၊ နမ့်မုတ်ကျေးရွာ၊ နောင်ဟွိုင်ကျေးရွာနှင့် ဝမ်အွိုက်ကျေးရွာများ၊

မိုင်းခတ်မြို့နယ်နှင့် ဆက်စပ်လျက်ရှိသော မိုင်းကာအရှေ့ကျေးရွာများတွင် တယ်လီဖုန်းလိုင်း မရရှိသဖြင့် ကျန်းမာရေးအခက်အခဲ၊ ပညာရေးအခက်အခဲ၊ လူမှုရေးအခက်အခဲနှင့် စီးပွားရေး အခက်အခဲများ ကြုံတွေ့နေရတဲ့အတွက် တယ်လီဖုန်းလိုင်းဆက်သွယ်ရေး ရရှိအောင် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများရဲ့ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ် ဦးတင်ဝင်း မေးမြန်းထားသည့် မိုင်းယန်းမြို့နယ်ရှိ မိုင်းလွေကျေးရွာအုပ်စု၊ နမ့်မုတ် ကျေးရွာ၊ နောင်ဟွိုင်ကျေးရွာနှင့် ဝမ်အွိုက်ကျေးရွာများ၊ မိုင်းခတ်မြို့နယ်နှင့် ဆက်စပ်လျက် ရှိသော ကျေးရွာများမှာ တယ်လီဖုန်းလိုင်းဆက်သွယ်ရေးရရှိအောင် မည်သို့ဆောင်ရွက်ပေး နိုင်မည်ကို သိရှိလိုပါသည် ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုင်းယန်းမြို့နယ်ရှိ မိုင်းလွေကျေးရွာအုပ်စု၊နမ့်မုတ်ကျေးရွာ၊ နောင်ဟွိုင်ကျေးရွာနှင့် ဝမ်အွိုက်ကျေးရွာတို့တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ MPT တာဝါတိုင်တည်ဆောက်ပေး နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးခဲ့ရာ နမ့်မုတ်ကျေးရွာတွင် လူဦးရေ ၅၂၁ ဦး၊ နောင်ဟွိုင် ကျေးရွာတွင် လူဦးရေ ၂၉၂ ဦး နှင့် ဝမ်အွိုက်ကျေးရွာတွင် လူဦးရေ ၃၀၀ ဦးတို့သာ နေထိုင် ကြောင်း လေ့လာသိရှိရပါတယ်။ မိုင်းလွေကျေးရွာအုပ်စုအတွင်း မိုင်းလွေကျေးရွာတွင် SHE-00048 နှင့် မိုင်းကွယ်ကျေးရွာတွင် SHE-00424 တာဝါတိုင် ၂ တိုင်အား Microlink ဖြင့် တပ်ဆင်၍ တာဝါတိုင်နှင့် နီးစပ်သည့် လူဦးရေ ၅၀၀၀ ဦးခန့်အကျိုးပြုထားရှိသော်လည်း မေးမြန်းချက်ပါ ကျေးရွာ ၃ ရွာ၌ လွှမ်းခြုံပါဝင်နိုင်ခြင်းမရှိသေးပါ။ ဆက်သွယ်ရေး အော်ပရေတာများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ပြနှင့်ကျေးလက် ဒေသများပါမကျန် ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံနိုင်ရေးအတွက် မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါ တိုင်များ တိုးချဲ့တည်ဆောက်လျက်ရှိသော်လည်း မိုဘိုင်းစခန်းများ တည်ဆောက်ရာတွင် မြေနေရာရရှိနိုင်ရေးဆောင်ရွက်ရခြင်း၊ ဆက်စပ်နေသည့်အဝေး ဆက်သွယ်ရေးဆက်ကြောင်း (မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုဟ်တု)များ တည်ဆောက်ရခြင်း၊ လျှပ်စစ်မီးရရှိနိုင်မှု အခြေအနေ၊

မြေပြင်အနေအထား၊ ရာသီဥတုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေတို့အပြင် လူဦးရေ သိပ်သည်းဆတို့အပေါ်တွင် မူတည်၍ ဆောင်ရွက်ရခြင်း ဖြစ်ပါတယ်။

ဆက်သွယ်ရေးလွှမ်းခြုံမှုမရှိသေးသည့် ကျေးရွာ ၃ ရွာအား တာဝါတိုင်တည်ဆောက်ပေးနိုင်ရန်အတွက် ဖိုင်ဘာဆက်ကြောင်း တည်ဆောက်ထားမှုမရှိသေးခြင်း၊ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းဖြင့် ချိတ်ဆက်ဆောင်ရွက်ရန် မရရှိနိုင်ခြင်းနှင့် ဂြိုဟ်တုစနစ်ဖြင့် အသုံးပြုမည်ဆိုပါက ဂြိုဟ်တုငှားရမ်းခ လစဉ်ကုန်ကျစရိတ်အလွန်များပြားပြီး လူဦးရေနှင့် ငှားရမ်းခ မျှတမှုမရှိခြင်းတို့ကြောင့် လက်ရှိအခြေအနေတွင် အဝေးဆက်သွယ်မှု လမ်းကြောင်း ချိတ်ဆက်ဆောင်ရွက်ရန် ကန့်သတ်ချက်ရှိ နေတဲ့အတွက်ကြောင့် ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်ဆောင်ရွက်ပေးရန် လျာထားမှုမရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** မင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉)ကို တက်ရောက်လာကြပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ လေ့လာသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ တိုင်းရင်းသားတို့ရဲ့ စာပေ၊ ယဉ်ကျေးမှု ၊ ပညာရေးတို့နှင့် ပတ်သက်တဲ့မေးခွန်းပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကနေပြီး ဒေသခံတိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက် စေရန်နှင့် အထူးလိုအပ်နေတဲ့ ဆရာ/ ဆရာမ အင်အားဖြည့်ဆည်းပေးနိုင်ပါရန် ရည်ရွယ်ပြီးမှ ရှမ်းပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနကနေပြီး အခြေခံကျောင်းများမှာ တိုင်းရင်းသားဘာသာသင်ကြားပေးမည့် ဆရာ/ ဆရာမများ နေ့စားလပေး Teaching Assistant (TA) ခန့်ထားရေး အဆိုပြုတင်ပြလွှာများကို ခေါ်ယူခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသားများ၏ အလုပ်အကိုင်အခွင့်အလမ်းကို ဦးစားပေးတဲ့အနေနဲ့ ဒေသနဲ့ကိုက်ညီတဲ့ နဝမတန်းအောင် ဆိုတဲ့ ပညာအရည်အချင်းကိုလည်း သတ်မှတ်ပေးခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသား လူငယ်များကလည်း ၎င်းအခွင့်အရေးကို ဝမ်းသာအားရ ကြိုဆိုသလို (TA) ဆရာ/ ဆရာမများ ဖြစ်မြောက်ရေးကိုလည်း တစ်ခဲနက်လျှောက်ထားကြပါတယ်။ ကျွန်တော်တို့ မိုင်းကိုင်မြို့နယ်လို

ဆရာ/ ဆရာမများ ပြည့်စုံလုံလောက်မှုမရှိတဲ့ မြို့နယ်များဆိုရင် ပြည်သူတွေရော လျှောက်ထားသူ လူငယ်များအပါအဝင်အထူးပဲ မျှော်လင့်ချက်ကြီးစွာ လည်တဆန့်ဆန့်ဖြစ်နေကြပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များထံသို့လည်း ကျွန်တော်/ ကျွန်မတို့ လျှောက်ထားတာ မကျသေးဘူးလားဆိုပြီး မကြာခဏ လာလာမေးကြပါတယ်။ ကျောင်းဖွင့်နေပြီ။ စာသင်ဖို့လိုနေပြီ။ အချိန်မီခန့်ထားပေးနိုင်ရင် ကျောင်းသားများမနစ်နာဘူးဆိုတဲ့အသံတွေလည်း ကြားနေရပါတယ်။ ကျွန်တော်တို့ ကလည်း သိရတော့မှာပါ။ စိတ်ရှည်ရှည်ထားပါဆိုတာကလွဲလို့ ဘာမှမဖြေရှင်းတက်ပါဘူး။ ကျွန်တော်တို့ မိုင်းကိုင်မြို့နယ်မှာ ရှမ်းတိုင်းရင်းသားအပြင် ပလောင်တိုင်းရင်းသားနဲ့ ပအိုဝ်းတိုင်းရင်းသားများလည်း ရှိကြပါတယ်။ အဲ့ဒီတိုင်းရင်းသားများတွေရဲ့ စာပေနဲ့စကားအပြင် ကျောင်းစာသင်ကြားရာမှာလည်း ဆရာ/ ဆရာမလုံလောက်မှု မရှိသေးသည့်အတွက် ယခုလျှောက်ထားခဲ့ပြီးဖြစ်သည့် (TA) ဆရာ/ ဆရာမများခန့်ထားရေးကိုပဲ အထူးမျှော်လင့်ချက်ကြီး တစ်ခုအဖြစ်နဲ့ မျှော်လင့်နေတာဖြစ်နေကြတဲ့အတွက် ကျွန်တော်ကနေပြီး ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ မေးခွန်းကတော့ အခြေခံကျောင်းများတွင် တိုင်းရင်းသားစာပေ၊ ဘာသာစကားသင်ကြားပေးမည့် ဆရာ/ ဆရာမများ နေ့စားလစပေး Teaching Assistant (TA) ခန့်ထားရေး ရှမ်းပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်မှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်အတွင်း လျှောက်ထားပြီးဖြစ်သည့်ကိစ္စနှင့်ပတ်သက်၍ အဆိုပါ ဆရာ/ ဆရာမ လောင်းများအား ယခုစာသင်နှစ် (၂၀၁၉-၂၀၂၀)တွင် ခန့်ထားပေးရန်အစီအစဉ် ရှိ/ မရှိ သိလိုပါသဖြင့် ပြည်သူများ၏ ကိုယ်စားမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းလုံရဲ့ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေဘာသာစကား သင်ကြားမည့် ဆရာ/ ဆရာမများအား ယခုစာသင်နှစ် (၂၀၁၉-၂၀၂၀)တွင် ခန့်ထားပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တိုင်းရင်းသားဘာသာစာပေ သင်ကြားနေသော မြို့နယ်များရှိ အခြေခံပညာ ကျောင်းများသို့ နေ့စားလပေး ဆရာ/ ဆရာမ (Teaching Assistant)များကို နဝမတန်းအောင်မှ ဘွဲ့ရအထိ ပညာအရည်အချင်းရှိသော အသက်(၁၈)နှစ်မှ (၃၅)နှစ်အောက် ဒေသခံတိုင်းရင်းသားစာပေနှင့် ဘာသာစကားကျွမ်းကျင်သူ ၆၃၇ ဦးကို ခန့်ထားခဲ့ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ၈၁၆ ဦး ခန့်ခဲ့ပါတယ်။ ၎င်းနေ့စား လပေး ဆရာ/ ဆရာမများကို အခြေခံပညာဦးစီးဌာန၊ နေပြည်တော်မှ လုပ်အားခအဖြစ် (၀၃၀၁)ငွေစာရင်း ခေါင်းစဉ်မှ တစ်ရက်လျှင် (၄၈၀၀)ကျပ်နှုန်းဖြင့် ထောက်ပံ့ချီးမြှင့်ပါတယ်။ တစ်ပတ်လျှင် အနည်းဆုံးစာသင်ချိန် (၅)နာရီ သင်ကြားပေးရပါတယ်။ ၎င်းနေ့စားလပေးဘွဲ့ရ ဆရာ/ ဆရာမများကို မူလတန်းဆရာအတတ်သင်(စာပေးစာယူ) သင်တန်းတက်ရောက် စေပြီး အမြဲခန့်ဝန်ထမ်းအဖြစ် ခန့်ပေးရန် စီစဉ်လျက်ရှိပါတယ်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရှမ်းပြည်နယ်၊ ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် တိုင်းရင်းသားစာပေဘာသာသင် နေ့စားလပေး ဆရာ/ ဆရာမများ (Teaching Assistant- TA)နှင့် တိုင်းရင်းသားဘာသာစကားသင် ဆရာ/ ဆရာမ များ (Language Teacher)များ ခန့်အပ်နိုင်ရေးအတွက် လျှောက်လွှာများကို ၃-၁၂-၂၀၁၈ ရက်နေ့မှ ၁၈-၁-၂၀၁၉ ရက်နေ့အထိ စိစစ်လက်ခံဆောင်ရွက်၍ အချက်အလက်ပြည့်စုံသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ TA ၆၇၃ဦး၊ (LT) ၁၆ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှTA ၁၀၂၄ဦး၊ (LT) ၉ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ TA ၂၁၇ဦး၊ (LT) ၃၃ ဦးတို့၏ လျှောက်လွှာများကို တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)မှတစ်ဆင့် ပညာရေး ဝန်ကြီးဌာန၊ နေပြည်တော် (ရုံးချုပ်)သို့ ၁၇-၅-၂၀၁၉ ရက်နေ့၌ လွှဲပြောင်းအပ်နှံပေးပို့ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်းများတွင် တိုင်းရင်းသား စာပေ ဘာသာစကား သင်ကြားမည့် ဆရာ/ ဆရာမများ၊ နေ့စားလပေး Teaching Assistant (TA)များ ခန့်အပ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့မှ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်သူရအောင် က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်သူရအောင်၊ တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) ဒုတိယနေ့ အစီအစဉ်ကို ကြီးမှူးကျင်းပပေးပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်

တကွ ပြည်နယ်ဒုတိယဥက္ကဋ္ဌ၊ တက်ရောက်ချီးမြှင့်ပေးပါသော ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်နှင့်တကွ သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း တောင်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးခွန်သူရအောင်မှ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဒီကနေ့အထူးအစည်းအဝေး (၁/၂၀၁၉) ဒုတိယနေ့မှာကျွန်တော့်အနေနဲ့ ဆေးတက္ကသိုလ် (တောင်ကြီး)၏ အရှေ့ရှိ ကုန်တင်ကားကြီးစခန်းအား ဆောက်လုပ်ပြီးစီးသည့် ခေတ်မီယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ အဆိုပါနေရာဟောင်းတွင် ရှမ်းပြည်နယ်၏ ကျန်းမာရေးဇုန်မြေနေရာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၏ မြို့တော်တောင်ကြီးမြို့တွင် ဆေးတက္ကသိုလ် (တောင်ကြီး)ကို ယခင်အစိုးရလက်ထက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခင်အစိုးရလက်ထက်မှာပင် ဆေးတက္ကသိုလ်(တောင်ကြီး)ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဆေးတက္ကသိုလ် (တောင်ကြီး)ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည့်အားလျော်စွာ ဆေးတက္ကသိုလ် (တောင်ကြီး)ကို လက်ရှိတက်ရောက်ခွင့်ရရှိကြသော ကျောင်းသူ/ ကျောင်းသားများ နောင်အနာဂတ်တွင် ဆက်လက်တက်ရောက်ကြမည့်ကျောင်းသူ/ကျောင်းသားများ၊ တစ်နည်းအားဖြင့် ဆရာဝန်လောင်းများအတွက် လက်တွေ့သင်ကြားပေးသည့် ဆေးရုံကြီးသည်လည်း မရှိမဖြစ်လိုအပ်လာမှာဖြစ်ပါတယ်။ လက်တွေ့သင်ကြားရေး ဆေးရုံကြီးစီမံကိန်းတည်ဆောက်နိုင်ရန်နှင့် ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များမှလည်း မိဘပြည်သူများ အဆင့်မြင့်ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှုခံယူနိုင်ရန်ရည်ရွယ်ပြီး ဒေသခံတိုင်းရင်းသား လုပ်ငန်းရှင်အဆောက်အဦအထူးအဖွဲ့မှ နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးတည်ဆောက်နိုင်ရန် လိုအပ်သော မြေနေရာအတွက် ယခုဆေးတက္ကသိုလ်(တောင်ကြီး)၏ အရှေ့မျက်နှာချင်းဆိုင်တွင် စည်ပင်သာယာ ဌာနပိုင်မြေအား ယခင်အစိုးရလက်ထက်ကပင် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး၊ လျာထားသတ်မှတ်ခဲ့ပြီးဖြစ်ကြောင်းလည်း လေ့လာသိရှိရပါတယ်။ အဆိုပါလျာထားသော စည်ပင်သာယာပိုင်မြေနေရာတွင် တပ်မတော်အစိုးရ လက်ထက်ကတည်းက ကုန်တင်ယာဉ်ကြီးများ ယာဉ်ရပ်နားစခန်းအဖြစ် ဂိတ်ခန်းများ၊ ကုန်ပစ္စည်းသိုလှောင်သော အဆောက်အဦများ၊ ဈေးဆိုင်ခန်းများ တည်ဆောက်ထားပြီး အသုံးပြုထားပါသဖြင့် ကုန်တင်ကားကြီးစခန်းအား ရွှေ့ပြောင်းနိုင်ရေးအတွက် တောင်ကြီး– ဟိုပုံး

လမ်းမဘေး တောင်ကြီးမြို့မှ (၂)မိုင်ခန့်အကွာတွင် ခေတ်မီပြီး ပိုမိုအဆင့်မြင့်သော ယာဉ်ရပ်နားစခန်းစီမံကိန်းကြီးကို ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းပြီးစီးပါက ခေတ်မီပြီး ပိုမိုအဆင့်မြင့်သော ယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်လည်းပဲ ယခင်အစိုးရလက်ထက်တွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီမံဆောင်ရွက်ပြီး အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်းလည်း လေ့လာသိရှိရပါတယ်။

သို့ဖြစ်ပါ၍ ယခုအခါ ခေတ်မီပြီး ပိုမိုအဆင့်မြင့်သော ယာဉ်ရပ်နားစခန်းစီမံကိန်းကြီးသည်လည်း ပြီးစီးပြီဖြစ်ပါသောကြောင့် ဆေးတက္ကသိုလ် (တောင်ကြီး)အရှေ့ရှိ ကုန်တင်ကားကြီးစခန်းအား ဆောက်လုပ်ပြီးစီးသည့် ခေတ်မီအဆင့်မြင့် ယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့နိုင်ရန်အစီအစဉ် ရှိ/ မရှိနဲ့ အဆိုပါနေရာဟောင်းတွင် ရှမ်းပြည်နယ်၏ ကျန်းမာရေးဇုန်နေရာအဖြစ် သတ်မှတ်ပေးနိုင်ရန်အစီအစဉ် ရှိ/ မရှိကို သိရှိလိုပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းဖြင့် တင်ပြမေးမြန်းအပ်ပါတယ်။ အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ လာရောက်လေ့လာကြတဲ့ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သူရအောင် မေးမြန်းတဲ့ တောင်ကြီးဆေးတက္ကသိုလ်အနေဖြင့် သင်ကြားရေးဆေးရုံနှင့် ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များမှ အဆင့်မြင့်နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကဆေးရုံ တည်ဆောက်ရန် ယခင်အစိုးရမှ တောင်ကြီးမြို့ ဆေးတက္ကသိုလ်ရှေ့ရှိ ကုန်တင်ကားကြီးစခန်းအား ရွှေ့ပြောင်းပြီးနောက် ညှိနှိုင်းစီမံပေးရန်ဆောင်ရွက်ခဲ့ပါသဖြင့် လက်ရှိဆောက်လုပ်ပြီးစီးပြီဖြစ်သော ခေတ်မီအဆင့်မြင့်ယာဉ်ရပ်နားစခန်းသို့ ကုန်တင်ယာဉ်ကြီးများ စနစ်တကျ ရပ်နားနိုင်ရန်နှင့် နေရာဟောင်းတွင် ရှမ်းပြည်နယ်၏ ကျန်းမာရေးဇုန်နေရာအဖြစ် သတ်မှတ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ ဆိုသည့်မေးခွန်းနဲ့ပတ်သက်၍ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ တောင်ကြီး– ကျိုင်းတုံလမ်းမကြီးအနီးရှိ အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော (၁၁.၇၄)

ကေပေါ်တွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ကားကြီးကွင်း အကောင်အထည်ဖော် ကြီးကြပ်မှုကော်မတီမှ ကြီးကြပ်လျက် ရတနာထွန်း တောင်ကြီးကုမ္ပဏီလီမိတက်မှ ဆိုင်ခန်းများ၊ ဂိတ်ခန်းများကို တာဝန်ယူ ဆောက်လုပ်၍ ကုန်တင်ကားကြီးကွင်းအား ၁၉၉၉ ခုနှစ်၊ ဇူလိုင်လမှ ၂၀၀၀ ပြည့်နှစ်၊ မတ်လအထိ (၈)လ ကြာတည်ဆောက်ပြီး ကုန်တင်ကားကြီးဂိတ် ဖွင့်လှစ်ခဲ့ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)သို့ ကုန်စည်ပို့ဆောင်နေသော ယာဉ်ကြီးများအတွက် ရည်ရွယ်၍ ကြီးကြပ်ရေးနှင့် အုပ်ချုပ်မှု ကော်မတီအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ညွှန်ကြားချက် အရ ရှမ်းပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရှမ်းပြည်နယ်ပို့ဆောင်ရေး ညှိနှိုင်းမှု ကော်မတီမှ ဖွဲ့စည်းပေးခဲ့ပြီး ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးတို့မှ နာယကအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင် (၁၀)ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်း ဂိတ်ခန်းအဆောက်အဦ (၂၄)လုံး၊ ဂိတ်ခန်းပေါင်း (၄၈) ခန်း (ပိုင်ရှင်၂၇ဦး)၊ စားသောက်ဆိုင် ဆိုင်ခန်းအဆောက်အဦ (၃)လုံး၊ စားသောက်ဆိုင်(၃၃) ခန်း(ပိုင်ရှင် ၁၀ ဦး)၊ ယာဉ်ထိန်းအဆောက်အဦ (၁)လုံး၊ ယာဉ်ထိန်းရုံးခန်း (၂)ခန်း၊ စုစုပေါင်း (၈၃)ခန်း(ပိုင်ရှင်၃၇ဦး)၊ အများသုံးအိမ်သာ(၁၀)ခန်းတွဲ(၁)လုံး၊ (၆)ခန်းတွဲ(၁)လုံးနှင့် လေလံရ ရှိသူ ဗိုလ်မှူးလှသန်း(ငြိမ်း)မှ ဆောက်လုပ်ထားသော ကားဂိတ်အဆောက်အဦ(၁)လုံး၊ ရုံး အဆောက်အဦ (၁)လုံး၊ စက်ရေတွင်း (၁)တွင်းတို့ ပါရှိတာဖြစ်ပါတယ်။

ဂိတ်ခန်း၊ ဆိုင်ခန်းများအား ကားကြီးကွင်းအကောင်အထည်ဖော်ကြီးကြပ်မှုကော်မတီမှ ဂိတ်ခန်းရှင်များသို့ စာချုပ်ဖြင့် အပြီးအပိုင်ရောင်းချခဲ့ရာ ဂိတ်ခန်းဆောက်လုပ်စဉ်က (၁)ခန်း လျှင် ကျပ်(၂၀)သိန်း ((၂)ခန်း၊ (၃၉)သိန်း)ဖြစ်ပြီး အရစ်ကျ(၈)ရစ်ဖြင့် ပေးသွင်းစေခဲ့တာ ဖြစ်ပါတယ်။ စားသောက်ဆိုင်ခန်းများအား ကုမ္ပဏီမှ တစ်ခန်းလျှင် ကျပ် (၄)သိန်းနှုန်းဖြင့် ရောင်းချပေးခဲ့ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဂိတ်ခန်းများ ဆောက်လုပ်ပြီးနောက် ဂိတ်ခန်း(၁၅)ခန်းနောက်တွင် ဂိတ်ခန်းအလိုက် ပစ္စည်းများထားသိုရန် ဂိုဒေါင်များဆောက်လုပ် ခဲ့ကြောင်းနှင့် ဂိုဒေါင်ကြီးများမှာ အကျယ်အဝန်းအားဖြင့် (၃၀'×၂၀')၊ (၈၀'×၇၀')၊ (၁၂၀'×၈၀') စသည်ဖြင့် အသီးသီးရှိကြတာ ဖြစ်ပါတယ်။

ကားကွင်းဟောင်းမြေနေရာသည် စည်ပင်သာယာရေးပိုင်မြေ မဟုတ်သေးသည့်အပြင် (ပလပ်မြေ)ကို ကိုယ်ထူကိုယ်ထဖော်ထုတ်ပြီး (၁၅)နှစ်ကြာ နေထိုင်လာခဲ့သဖြင့် လက်ရှိ မိသားစုများ ဆက်လက်နေထိုင်ခွင့်ပေးပါရန် ကားကွင်းကြီးကြပ်ရေးနှင့် အုပ်ချုပ်မှုကော်မတီ မှ တင်ပြလာမှုအပေါ် မြေပိုင်ဆိုင်မှုမရှိသဖြင့် ခွင့်မပြုခဲ့သောမြေနေရာဖြစ်ပါတယ်။

ယာဉ်ရပ်နားစခန်းမြေနေရာကို ဟိုပုံးအထွက် နောင်လေကျေးရွာအတွင်းရှိ တောင်ကြီး ငှက်ဘေးမဲ့တောအတွင်း ဧရိယာ(၃၂.၅၉၈)ကေနှင့် မြေရိုင်းဧရိယာ (၇.၉၃၁)ကေ၊ စုစုပေါင်း (၄၀.၅၂၉)ကေတွင် ဆောင်ရွက်ခဲ့ပြီး အဆိုပါ မြေနေရာများအပါအဝင် ဧရိယာ(၃၉၈.၃၄၄) ကေအား ပြည်ထဲရေးဝန်ကြီးဌာန၏ (၂၄-၃-၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၆၃/၂၀၁၆)ဖြင့် မြို့မြေတိုးချဲ့ ဖွဲ့စည်းသတ်မှတ်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ (၂၉-၃-၂၀၁၆) ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် (၀၄၂/ ၂၀၁၆)ဖြင့် တောင်ကြီးငှက်ဘေးမဲ့တောအတွင်း ကျရောက်သော ဧရိယာ (၃၂.၅၉၈)ကေအား ခေတ်မီအဆင့်မြင့် ယာဉ်ရပ်နားစခန်းမြေအဖြစ် လွှဲပြောင်းအသုံးပြုနိုင်ရန် အတွက် သဘာဝနယ်မြေအဖြစ်မှ ပယ်ဖျက်ခဲ့ပြီး ဖြစ်ပါတယ်။

ကုန်တင်ကားကွင်းအဟောင်းမြေနေရာသည် နှစ်ကာလကြာမြင့်ပြီး ဂိတ်အဖြစ် အသုံးပြုမှုအနည်းငယ်သာ ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပြီး လူနေထိုင်ခြင်း၊ ဈေးဆိုင်ခန်း များ ဖွင့်လှစ်ထားခြင်းတို့ကိုသာ ဆောင်ရွက်ထားရှိကြောင်း၊ ဆေးတက္ကသိုလ်၏ ရှေ့တည့် တည့်တွင် တည်ရှိသဖြင့် ဆက်လက်ဆောင်ရွက်ရန် မသင့်လျော်ကြောင်း၊ ခေတ်မီအဆင့်မြင့် ယာဉ်ရပ်နားစခန်း(TBC)ကားကွင်းကို တောင်ကြီးမြို့အထွက်တွင် ဖွင့်လှစ်ထားပြီးဖြစ်သဖြင့် ကုန်တင်ကားကြီးကွင်းဟောင်း မြေနေရာအား ကားကွင်းအဖြစ် ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း၊ ကုန်တင်ကားကြီး ကွင်းအဟောင်းတွင် နေထိုင်သူများသည် ရတနာ ထွန်းကုမ္ပဏီသို့ ဂိတ်ခန်းတည်ဆောက်မှုအတွက် စရိတ်ငွေများပေးသွင်းခဲ့ပြီး (၃၁-၃-၂၀၀၃) ရက်စွဲပါပိုင်ဆိုင်ခွင့်လွှဲပြောင်းပေးခြင်းဆိုင်ရာ သဘောတူစာချုပ်အရ ဒုရဲမှူးကြီးတင်သောင်း မှ လွှဲပြောင်းပေးခဲ့ပြီး နေထိုင်သူများထံတွင် လက်ခံစာချုပ်ရှိကြောင်း တွေ့ရှိရသဖြင့် ဆက်လက် အသုံးမပြုဘဲ ဖယ်ရှားဆောင်ရွက်မည်ဆိုပါက ၎င်းတို့၏ နစ်နာမှုအတွက် ဂိတ်နေရာ အစားထိုး ပြန်လည်ပေးသင့်ပါကြောင်း၊ ၎င်းမြေနေရာသည် တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်အတွင်း ပါဝင်ပြီး ဌာနစာရင်းမှတ်တမ်းများအရ အကွက်အမှတ် (၁၉၈/ ကားကွင်းရပ်)အတွင်း ပါဝင်ပြီး မည်သည့်အမည်မျှ မှတ်တမ်းတင်ထားရှိခြင်း မရှိတဲ့မြေနေရာ ဖြစ်ပါတယ်။ လက်ရှိမြေပြင်တွင် ကုန်တင်ကားကြီးကွင်းအဖြစ် ကားဂိတ်များ၊ ဆိုင်ခန်းများ ဆောက်လုပ်အသုံးပြုထားကြောင်း စိစစ်တွေ့ရှိရပါတယ်။

လက်ရှိဆောက်လုပ်ပြီးစီးပြီဖြစ်သော ခေတ်မီအဆင့်မြင့် ယာဉ်ရပ်နားစခန်းသည် ပုဂ္ဂလိကပိုင်ဖြစ်၍ ကုန်တင်ကားကြီးကွင်းများ စနစ်တကျရပ်နားနိုင်ရန် ယာဉ်လုပ်ငန်းရှင် များနှင့် ဒေသအာဏာပိုင်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်းနှင့် (၃၀-၅-၂၀၁၉) ရက်တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၁၉) ဆုံးဖြတ်ချက်အပိုဒ် ၅(ဇ)အရ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာ အဖြစ် ဆက်လက်ထားရှိပြီး သင်ကြားရေးဆေးရုံဆောက်လုပ်ရန် မြေနေရာအဖြစ် ရည်ရွယ်

ထားရှိပါကြောင်းနှင့် မူလကားကြီးကွင်းဂိတ်အား ပြောင်းရွှေ့ဖွင့်လှစ်ပြီးမှသာ သင်ကြားရေး ဆေးရုံဆောက်လုပ်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် လေးစားစွာပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၏မြို့တော်ဖြစ်တဲ့ တောင်ကြီးမြို့ရဲ့ မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းနဲ့ပတ်သက် ပြီးမှ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရတဲ့ ရည်ရွယ်ချက်မှာ ပြည်နယ်၏မြို့တော်လည်းဖြစ်တာနှင့်အညီ ပြည်နယ်၏ ပုံရိပ်၊ မြို့တော်၏ ပုံရိပ်ကို ကျွန်တော်တို့ အင်္ဂါရပ်နှင့်ဖွံ့ဖြိုးတိုးတက်စေတဲ့ ရည်ရွယ်ချက်လည်းပါသလို ပြည်သူ များမှလည်းတစ်နေ့တစ်ခြား ဖွံ့ဖြိုးတိုးတက်လာတဲ့ ယာဉ်အန္တရာယ်များနှင့်အညီ ကျွန်တော်တို့ ဒါတွေကို တင်ပြလာမှုများကြောင့်လည်း မေးမြန်းရခြင်းလည်း ဖြစ်ပါတယ်။ ယခုအခါမှာ ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးမှုများကြောင့် မြို့ပြနှင့် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးရေးလုပ်ငန်းများဟာ အချိန်တိုတွင်းမှာ တဟုန်ထိုးဖွံ့ဖြိုး တိုးတက်လာတာနှင့်အညီ ကျွန်တော်တို့ နေ့စဉ်နှင့်အမျှ တောင်ကြီးမြို့ရဲ့ ပတ်ဝန်းကျင်ရှိ မြို့၊ ကျေးရွာများမှ လာရောက်ရောင်းဝယ်သူများနှင့် ကျန်းမာရေးကိစ္စကအစ အားထားရတဲ့ မြို့လည်းဖြစ်တာကြောင့် အမြဲတမ်းလည်း စည်းကားလျက်ရှိနေတာကိုလည်း အားလုံးလည်း အသိပဲဖြစ်ပါတယ်။

လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာတဲ့ တောင်ကြီးမြို့ဟာ ဖွံ့ဖြိုးတိုးတက်လာတာနှင့်အညီ တပါတည်းပဲ မြို့မှာနေထိုင်ကြတဲ့ပြည်သူများ လူဦးရေများပြားလာခြင်း ပြည်သူများသွားလာ ရေးအတွက် အသုံးပြုနေကြတဲ့ ကား၊ ဆိုင်ကယ် အသုံးပြုမှုများဟာလည်း ပိုမိုများပြား လာတာကိုလည်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင်တောင်ကြီးမြို့ရဲ့လမ်းဖွဲ့စည်းပုံအရ မြို့ ပတ်လမ်းများကိုသာ ကုန်တင်ယာဉ်ကြီးများ၊ တွဲယာဉ်ကြီးများကိုသာ သွားရောက်ခွင့်ပြုထား ခြင်းများကြောင့်လည်း အဆိုပါမြို့ပတ်လမ်းများပေါ်တွင် နေ့စဉ်နှင့်အမျှ ကား၊ ဆိုင်ကယ်များ

သွားလာမှုများပြားလာပြီး ယာဉ်ကြောင့်မကြာခဏထိခိုက်ဒဏ်ရာရခြင်း၊ အသက်အန္တရာယ် ဆုံးရှုံးခြင်းများဟာလည်း ယခင်ကာလထက် ပိုမိုဖြစ်ပွားလာတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဒါ့အပြင် တောင်ကြီးမြို့ဟာ မိတ္ထီလာ– တောင်ကြီး– တာချီလိတ် အာရှလမ်းမကြီး ပေါ်မှာ ရှိတာနှင့်အညီ ရှမ်းတောင်၊ ရှမ်းရှေ့ဒေသများသို့ သွားရောက်ရာတွင်လည်း မဖြစ် မနေဖြတ်သန်းသွားရတဲ့ လမ်းပေါ်မှာလည်း တည်ရှိတာဖြစ်ပါတယ်။ သို့ပါသောကြောင့် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်တဲ့ တောင်ကြီးမြို့ကို မြို့ရှောင်လမ်းဖော်ဆောင်ပြီး ကုန်တင် ယာဉ်ကြီးများ၊ တွဲယာဉ်များကို ကားယာဉ်တန်ချိန်အလိုက် သတ်မှတ်ပြီးမှ သီးသန့်လမ်း ဖော်ဆောင်ပြီး မြို့ပတ်လမ်း၊ မြို့ရှောင်လမ်းကို ဖော်ဆောင်နိုင်မည်ဆိုပါက တောင်ကြီးမြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းကျဆင်းစေပြီး ယာဉ်ကြီးများသွားလာရေး အဆင်ပြေ ချောမွေ့စေသည့်အပြင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များလည်း ကင်းရှင်းစေမှာလည်း ဖြစ်ပြီးမှ မြို့ရဲ့အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း စနစ်တကျ ကိုင်တွယ်နိုင်မှာလည်း ဖြစ်ပါတယ်။ အဆိုပါ မြို့ရှောင်လမ်းစီမံကိန်းကို အကောင်အထည်ဖော်မည့် အစီအစဉ်ရှိပါက စီမံကိန်းဧရိယာတွင် Survey ဆင်းစဉ်ကတည်းက မြေပြင်ရဲ့ နဂိုအနေအထား နဂိုတောင်သူ များရဲ့ အနေအထားကိုလည်း မှတ်တမ်းအတိတကျယူထားဖို့လည်း လိုအပ်မှာလည်း ဖြစ်ပါ တယ်။ ဒါဟာစီမံကိန်းတစ်ခုလုပ်တော့မယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်များနှင့် မြေကိုရင်းနှီး မြှုပ်နှံမှု လုပ်ကိုင်လိုသူများ ဒါတွေဟာ ကြုံတွေ့လာရမှာ ဖြစ်ပေါ်လာနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်နယ်အစိုးရအနေနဲ့ ကြိုတင်ပြီးမှ စီမံဆောင်ရွက်ထားဖို့ လိုတယ်ဆိုတာ လည်း တပါတည်း အကြံပြုလိုပါတယ်။ မိမိတို့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ရည်မှန်းချက် ဖြစ်တဲ့ ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရေးနှင့် လူမှု ဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပွင့်လင်းမြင်သာစွာဖြင့် ဖော်ဆောင်နိုင်မည့် လွှတ်တော်တစ်ရပ် ဖြစ်လာစေရန် မျှော်မှန်းထားရှိပြီး ဆောင်ရွက်နေတာနှင့်အညီ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်မှာပါတဲ့ အစိုးရအဖွဲ့အနေနဲ့ ဆောင်ရွက်မည့် စီမံကိန်းများကိုလည်း စောင့်ကြည့်လေ့လာခြင်းသိရှိရမှသာလျှင် ကျွန်တော်တို့ ဆောင်ရွက် မည့်စီမံကိန်းများကို လိုအပ်သလို ပြည်သူနှင့် အစိုးရကြား ညှိနှိုင်းပေါင်းစပ်ပေးရမယ့် တာဝန်များ လည်းပါရှိတာကြောင့် အဆိုပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

သို့ပါသောကြောင့် မေးခွန်းအနေနဲ့ တောင်ကြီးမြို့ မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ၊ အစီအစဉ် ရှိပါက မည်သည့်နှစ်တွင် အကောင်အထည်ဖော်ပြီး မည်သည့် ဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ကို သိရှိလိုပါသောကြောင့် အများပြည်သူများ၏ ကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့၊ မြို့ရှောင်လမ်းဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင်အကောင်အထည်ဖော်ပြီး မည်သည့်ဌာနမှ တာဝန်ယူဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန် ကျွန်တော် ဦးခွန်ရဲထွေးက ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျေးဇူးပြု၍ Power Point အသုံးပြုခွင့်ပေးရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးစိုက်ရာမြို့ဖြစ်ပြီး အနောက်ဘက် ပြည်မမြေပြန့်သို့ လည်းကောင်း၊ တောင်ဘက်ကယားပြည်နယ်သို့ လည်းကောင်း၊ ကယားပြည်နယ်မှတစ်ဆင့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးသို့ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှတစ်ဆင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံများသို့ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းကြောင်းများစွာရှိပါတယ်။ တောင်ကြီးမြို့သည် မြေမျက်နှာသွင်ပြင်ပထဝီအနေအထားအရ တောင်ကလပ်ပေါ်တွင် တည်ရှိသော မြို့ဖြစ်ပြီး လက်ရှိနိုင်ငံတကာဆက်သွယ်ရေး လမ်းမကြီး မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ် လမ်းမကြီး(AH–2) သည် တောင်ကြီးမြို့ အမြင့်ပေ ၅၀၀၀ ခန့်အား ဖြတ်သန်းရာတွင် တောင်ပေါ်သို့ တက်ရောက်ရခြင်း၊ ပြန်ဆင်းရခြင်း၊ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေ (AADT)မှာ ၄၈၀၀ ကျော်ရှိနေပြီး မြို့တွင်းယာဉ်ကြောကြပ်ခြင်း၊ ပိတ်ဆို့ခြင်းများဖြစ်ပေါ် လျက်ရှိသောကြောင့် တောင်ကြီးမြို့ရှောင်လမ်းဖောက်လုပ်ရန်အတွက် လမ်းပုံထုတ် ပညာရှင်များဖြင့် တိုင်းတာဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ စတင်ပြီးတော့ စီမံခဲ့ပါတယ်။ အဆိုပါလတွင်ပင် ဆောက်လုပ်ရေးဝန်ကြီးဌာန ကွင်းဆင်းတိုင်းတာရေး အင်ဂျင်နီယာအဖွဲ့(၁)ဖွဲ့သည်လမ်းအူကြောင်း အကြမ်းများ ရှာဖွေတိုင်းတာခဲ့ပြီး တောင်ကြီးမြို့အားတောင်ဘက်မှ ရှောင်ကွင်းသောလမ်းနှင့် မြောက်ဘက်မှရှောင်ကွင်းသော လမ်းကြောင်းတို့အနက် တောင်ကြီးမြို့မြောက်ဘက်မှသွားသောလမ်းသည် လမ်းအတက်အဆင်း ပြေပြစ်မှုရှိ၍ နေအိမ်/ မြေထိခိုက်မှုအနည်းဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံးနှင့် ဖြစ်နိုင်ခြေအရှိဆုံး လမ်းကြောင်းဖြစ်ကြောင်း တင်ပြထားခဲ့ပါတယ်။ မြေပုံမှာဖော်ပြထားတာကတော့ (၁:၂၅၀၀၀၀) ယူနီယံမြေပုံ ဖြစ်ပါတယ်။ မြေပုံမှာ ဘယ်ဘက်ကနေ ညာဘက်ကို ဖြတ်သွားတဲ့ အနီရောင်မျဉ်းကြောင်းဟာဆိုရင်

မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ်လမ်းမကြီး(AH–2)ဖြစ်ပြီး လမ်းမကြီးရဲ့ တောင်ဘက်မှာဆိုရင် ရွှေညောင်ကနေပြီး ညောင်ရွှေ– ပင်လောင်းကိုသွားတဲ့လမ်းကို တွေ့ရှိရမှာဖြစ်ပါတယ်။ ထို့အတူပဲ အေးသာယာကနေ ညောင်ရွှေကို ဆက်သွားတဲ့လမ်းကို တွေ့ရမှာဖြစ်ပါတယ်။ တောင်ကြီးကနေ လွိုင်ကော်ဘက်သွားတဲ့ လမ်းကို တွေ့ရမှာဖြစ်ပါတယ်။ ပြီးတော့ ဟိုပုံးကနေ ဆီဆိုင်၊ လွိုင်ကော်ကိုသွားတဲ့လမ်းကို တွေ့ရမှာဖြစ်ပြီး ဒီလမ်းကြောင်းကြီး၏ တောင်ဘက်မှာလမ်းကြောင်းတွေက လမ်းဦးစီးလမ်းကြောင်းတွေ ဖြစ်ပါတယ်။ ထို့အတူပဲ မြောက်ဘက်မှာဆိုရင် ရွှေညောင်ကနေတစ်ဆင့် မြောက်ဘက်ကိုတက်သွားရင် ရပ်စောက်– နောင်ချိုဘက်ကနေ ရှမ်းမြောက်ဘက်ကို ဆက်သွားတဲ့လမ်းကိုတွေ့ရမှာ ဖြစ်ပါတယ်။ ထို့အတူပဲ တောင်ကြီးမြို့အနီး လူနေရပ်ကွက်ကဖြတ်ပြီးတော့ တောင်ကြီးမြို့မြောက်ဘက်ပိုင်းကျေးရွာအုပ်စုများ ကနေပြီးတော့ ရပ်စောက်မြို့နယ်၊ ဟိုပုံးမြို့နယ်များကို ဆက်သွယ်ထားသော လမ်းကြောင်းများလည်းရှိပါတယ်။

တောင်ကြီးမြို့မြောက်ဘက်မှ ဖြတ်သန်းသွားမည့် လျာထားလမ်းအူကြောင်းအား အသေးစိတ်တိုင်းတာပုံထုတ်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၈ခုနှစ်၊ ဧပြီလတွင် ကွင်းဆင်းတိုင်းတာရေး အင်ဂျင်နီယာအဖွဲ့အား ဖွဲ့စည်း၍ ဇွန်လတွင် ကွင်းဆင်းတိုင်းတာနိုင်ခဲ့ပါတယ်။ ယခုလျာထားလမ်းအူကြောင်းမှာ မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ် မိုင်(၁၀၂/၂)(တာယောရွာအနီး)မှ စတင်၍ မိုင်(၁၃၀/၆) (ဟိုပုံးရေထွက်အနီး)တွင် ပြန်လည်ချိတ်ဆက်မည် ဖြစ်ပါတယ်။ မြေပုံမှာတော့ အပြာခံပေါ်မှာ အနက်စက်လိုင်းများနဲ့ ဖော်ပြထားတာဖြစ်ပါတယ်။ မြောက်ဘက်AH–2 မြို့ရှောင်လမ်းလို့ဖော်ပြထားတာဖြစ်ပါတယ်။ အဆိုပါလျာထားလမ်းအူကြောင်းသည် ပြည်နယ်လမ်းများဖြစ်သည့် ရွှေညောင်– ရပ်စောက်လမ်း၏ မိုင် (၄/၀) (ဟဲကယ်ရွာအနီး)၊ တောင်ကြီး–စလဲ–လဲသက်လမ်း၏ မိုင်(၅/၀)(နောင်ချိုရွာအနီး) ၊ ဟိုပုံး– မိုင်းလင်း– တုံလောလမ်း၏ မိုင်(၁/၆) (နောင်တောင်ရွာအနီး)တွင် ဖြတ်သန်းသွားမှာဖြစ်ပါတယ်။ မြေပုံအလယ်မှာ အဝါနဲ့ ဖော်ပြထားတဲ့ ရွှေညောင်မြို့၊ အေးသာယာမြို့၊ တောင်ကြီးမြို့ ၊ ဟိုပုံးမြို့စသည့် မြို့ (၄)မြို့အား မြောက်ဘက်ကနေ တစ်ပြိုင်နက်ရှောင်ကွင်းသွားနိုင်မည်ဖြစ်ပြီး ဟဲကယ်၊ ဖက်ပုန်း၊ နတ်ကန်၊ တဝီးမှူး၊ လင်းလေ၊ ပန်းတင်၊ နောင်တောင်း၊ နမ့်ဖော်ဟွန်းစသည့် ကျေးရွာများအား ဖြတ်သန်းသွားမှာ ဖြစ်ပါတယ်။ သို့သော် အဆိုပါလမ်းအူကြောင်းတွင် မော်တော်ယာဉ်ကြီးများ ဖြတ်သန်းသွားလာရန်အတွက် အခက်အခဲဖြစ်စေနိုင်သော တောင်တက်၊ တောင်ဆင်း နှစ်နေရာပါဝင်နေပါသဖြင့် ပိုမိုကောင်းမွန်၍ လမ်းအတက်အဆင်း ပြေပြစ်မှုရှိပြီး အိမ်ခြေနှင့် မြေယာ ထိခိုက်မှုအနည်းဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် ဖြစ်နိုင်ခြေအရှိဆုံး လမ်းအူကြောင်းရရှိရေးအတွက် လမ်းဦးစီးဌာန၊ လမ်း/ လေယာဉ်ကွင်း ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲ၊

နေပြည်တော်မှ အင်ဂျင်နီယာများ၊ လမ်းတိုင်းတာပုံထုတ်ရေးအဖွဲ့များဖြင့် ထပ်မံကွင်းဆင်း တိုင်းတာဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်တင်ပြရမည်ဆိုရင်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနသည် ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဟူသော မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာချင်းဆက်လမ်းများဖြစ်သော တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ မွေးမြူရေးဇုန်အနီး ထိရီးရွာမှ လင်ကွင်း– ညိုမီး– နောင်ထလိ– လေးမိုင်ကွေ့ လမ်း( ၁၁/၄ မိုင်)အား ၂၀၁၈ ခု ဘဏ္ဍာနှစ် ပထမ(၆)လမှစတင်၍ မြေသားလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြေပုံရဲ့ အောက်ဘက် ခြမ်းမှာ အဝါခံပေါ်မှာ အနက်စက်နဲ့ ဖော်ပြထားတဲ့လမ်းဖြစ်ပါတယ်။

ကျေးရွာချင်းဆက်လမ်းများ၊ လမ်းဦးစီးဌာနပိုင် လမ်းမကြီးများပေါ်သို့ ကျေးရွာများမှ ဆက်သွယ်သည့်လမ်းများကို အခြေခံခဲ့ပြီး ထိုလမ်းများကို တစ်ဆက်တည်းဆက်စပ်လိုက်ခြင်း ဖြင့် လမ်းဦးစီးဌာနပိုင်လမ်းမကြီး ၄ ခုကို ဆက်စပ်သော အေးသာယာနှင့် တောင်ကြီးမြို့ (၂)မြို့အား တောင်ဘက်မှ ရှောင်ကွင်းသွားနိုင်သော လမ်းကြောင်းတစ်ခုပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့၏ မြို့ပြစီမံကိန်း Town Plan တွင် အဆိုပြုထားသည့် တိုးချဲ့ ကျယ်ပြန့်လာမည့် တောင်ကြီးမြို့၊ တောင်ဘက်ပိုင်း အနာဂတ်လူနေဇုန်၊ လူမှုရေးဇုန်၊ စိမ်း လန်းမြေ၊ အနာဂတ်စီးပွားရေးဇုန်၊ ထိန်းသိမ်းသစ်တော၊ အမှိုက်စွန့်ပစ်ကန်၊ အားကစားကွင်း များ တောင်ကြီးမြို့ တိုးချဲ့လူနေရပ်ကွက်များကိုလည်း အထောက်အကူပြုမည့်လမ်းကြောင်း ဖြစ်ပါတယ်။ ထိုလမ်းကြောင်းမှတစ်ဆင့် တောင်ကြီးမြို့တွင်းသို့ လည်းကောင်း၊ ခရီးသွားများ အတွက် သမိုင်းဝင်ကက္ကူစေတီသို့လည်းကောင်း သွားရောက်နိုင်မည်ဖြစ်ပါတယ်။ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန DRRD က ဦးစွာ ဖောက်လုပ်ပြီးနောက် သင့်လျော်သည့်အချိန်တွင် လမ်းဦးစီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းခြင်းဖြင့် မြောက်ဘက်ပိုင်း မြို့ရှောင်လမ်းမကြီး မတည်ဆောက်နိုင်မီကာလအတွင်း လိုအပ်နေသော မြို့ရှောင်လမ်းလိုအပ်ချက်ကို လတ်တ လော အမြန်ဆုံး ဖော်ဆောင်နိုင်မည်ဖြစ်ပါတယ်။

၂၀၁၈ ပထမ(၆)လ ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေကျပ် ၄၉.၄၉ သန်းဖြင့် မြေသား လမ်း ၂/၀ မိုင် ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၈– ၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေဖြင့် မြေသားလမ်း ၂/ ၆ မိုင်အား ရန်ပုံငွေ ကျပ် ၅၅ သန်းဖြင့်လည်းကောင်း၊ ၂၀၁၈–၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ညိုမီးရွာ အဝင် လမ်းဆုံမှ လေးမိုင်ကွေ့ မြေသားလမ်းဖောက်လုပ်ခြင်း ၄/ ၆ မိုင်အား ရန်ပုံငွေကျပ် ၉၅

သန်းဖြင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်နယ်အထွေထွေပိုလျှံ ရန်ပုံငွေဖြင့် လင်ကွင်း- လင်ငယ်လမ်းဆုံမှ ညိုမီးရွာအဝင် လမ်းဆုံမြေသား လမ်းဖောက်လုပ်ခြင်း ၂/ ၀ မိုင်အား လည်းကောင်း၊ စုစုပေါင်းမြေသား လမ်းအရှည် ၁၁/ ၄ မိုင်အား ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ပါ၍ တောင်ကြီးမြို့၊ မြို့တွင်း ယာဉ်ကြောကြပ်တည်းမှု ဖြေလျော့နိုင်စေရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သည့် မြို့ရှောင်လမ်းကို အိမ်ခြေနှင့် မြေယာထိခိုက်မှု အနည်းဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး လမ်းကြောင်းကို ရှမ်းပြည်နယ်လမ်းဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါတယ်။ တောင်ကြီးမြို့ ရှောင်ကွင်းလမ်းအဖြစ် ဆောင်ရွက်နိုင်မည့် တောင်ကြီးမြို့၏ တောင်ဘက်ခြမ်း၊ ကန်ကြီးရပ်ကွက် အစွန်ဘက်မှ ဖြတ်သန်းမည့် လေးမိုင်ကွေ့- နောင်တလိ- ညိုမီး- နောင်ပနားဗွာ- လင်ကွင်း- ထီရိုး(မွေးမြူရေးဇုန်) လမ်းစုစုပေါင်း မြေသားလမ်း ၁၁/ ၄ မိုင်အား ၂၀၁၈- ၂၀၁၉ဘဏ္ဍာရေးနှစ်မှစ၍ မြေသားလမ်းချဲ့ခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စတင်ဆောင်ရွက်လျက်ရှိပြီး နှစ်လတ်စီမံကိန်းရည်မှန်း ၍ ကတ္တရာလမ်းအဖြစ်ရောက်ရှိအောင် လမ်းအဆင့်မြှင့်တင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လမ်းနယ် ROW ဖော်ဆောင်ရရှိနိုင်မှုအခြေအနေ၊ လမ်းပြေပြစ်မှု အခြေအနေများအရ တောင်ကြီးမြို့၊ မြို့ရှောင်လမ်းအဖြစ် အသုံးပြုနိုင်ရန် လမ်းဦးစီးဌာနပိုင် လမ်းအဖြစ် သိမ်းသွင်း အဆင့်မြင့် တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဒုတိယမေးခွန်းအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (၂)နှစ်အတွင်း ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ အပိုဒ်(၁၅)၊ အပိုဒ်(၁၆) နှင့်စပ်လျဉ်းသည့် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းလာတဲ့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစီရင်ခံစာ အပိုဒ်(၁၅)မှာပါတဲ့ ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံစီမံကိန်း (၁၁)ခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးအတွက် ပြည်နယ်စာရင်းစစ်ချုပ်ရဲ့ စစ်ဆေးတွေ့ရှိချက်မှာ အစီရင်ခံစာ အပိုဒ်(၁၆)မှာ MOU ကနေ MOA ထိုးတားတဲ့ လျှပ်စစ်ဓါတ်အားပေးစီမံကိန်း (၂)ခု

ပေါင်း ကျွန်တော်တို့ ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ် (၂)နှစ်လုံးမှာ လျှပ်စစ်ဓါတ်အားပေးစက်ရုံစီမံကိန်း (၁၃)ခုနှင့် စပ်လျဉ်းတဲ့မေးခွန်းလည်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သို့တင်သွင်းလာသည့် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၏ ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေး နှစ်ရဲ့ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းများ စာရင်းစစ်များ၏စစ်ဆေးတွေ့ရှိချက် အပိုဒ် (၁၅)မှာ (၃၁.၃.၂၀၁၇) ဆောင်ရွက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း (၁၁)ခုမှ လုပ်ငန်း ဆောင်ရွက်မှု အာမခံငွေ ကျပ်(၄၁၀.၀၀၀)သန်း ရယူဆောင်ရွက်မှုမရှိခြင်းနှင့် မြေငှားရမ်းခ ကျပ်(၈.၈၇၀) သန်း၊ မြေအသုံးချမှု ပရီမီယံကြေး ကျပ်(၆၆.၅၀၀)သန်းနှင့် ဒဏ်ကြေးကျပ် (၃၅.၄၁၀)သန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေထုတ်စာရင်းအမှတ် MD–021932 သို့ ပေးသွင်းမှုမရှိသေးခြင်းနှင့် လက်မှတ်ရေးထိုးမှုဆုငွေ ကျပ် (၁၀.၀၀၀)သန်း အား ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစာရင်းအမှတ် CF– 001330 သို့ ပေးသွင်းမှုမရှိကြောင်း တွေ့ရှိရတာဖြစ်ပါတယ်။

ထို့အပြင် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးအတွက် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ လုပ်ငန်း များ၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပိုဒ်(၁၆)မှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း (၁၁)ခုနှင့် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လတွင် MOU မှ MOA သဘောတူစာချုပ် ချုပ်ဆိုသည့်စီမံကိန်း(၂)ခုပေါင်း လုပ်ငန်းပေါင်း(၁၃)ခုအတွက် (၃၀.၉.၂၀၁၈)ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအာမခံ ပေးသွင်းရန်ကျန်ငွေ ကျပ် (၂၄၄.၀၀၀) သန်းနှင့် လက်မှတ်ရေး ထိုးမှုဆုငွေ ကျပ် (၁၀.၀၀၀) သန်းတို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံ ငွေစာရင်း CF– 001330 သို့ ပေးသွင်းမှုမရှိသေးခြင်းနှင့် လျှပ်စစ် ဓာတ်အားပေးစက်ရုံစီမံကိန်း (၁၃)ခုနှင့် စပ်လျဉ်း၍ (၃၀.၉.၂၀၁၈)ရက်နေ့ထိ ပေးသွင်းရန် ကျန်ရှိသည့် မြေငှားရန်းခ ကျပ် (၃.၇၈၉) သန်း၊ မြေအသုံးချမှု ပရီမီယံကြေးငွေကျပ် (၂၆.၅၀၀)သန်းနှင့် ဒဏ်ကြေး ကျပ်(၅၀.၁၄၀) သန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေထုတ်စာရင်း အမှတ် MD–021932 သို့ ပေးသွင်းမှုမရှိကြောင်း တွေ့ရှိရတာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်အကြောင်းအရာပါ တင်ပြခဲ့သော ကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဘဏ္ဍာရေးနှစ် (၂)နှစ်လုံးရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာပါ အပိုဒ် (၁၅)နှင့် အပိုဒ် (၁၆)ကို ကြည့်မည်ဆိုလျှင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေစာရင်း ခေါင်းစဉ်အလိုက် လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း (၁၃)ခုမှာ (၃၀.၉.၂၀၁၈)ရက်နေ့အထိ ပေးသွင်းမှုမရှိသေးတာကိုလည်းတွေ့ရှိရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မိမိတို့တိုင်းဒေသကြီးများမှ ကောက်ခံပိုင်ခွင့်ရှိသည့် အခွန်အခများဟာ

ဇယား(၅)အရကို ကြည့်မယ်ဆိုရင် ပြည်နယ်များ၏ကောက်ခံရမည့် အခွန်အခ (၃၉)မျိုးတွင် ပြည်နယ်ရန်ပုံငွေအနေဖြင့် ဌာနအဖွဲ့အစည်း(၂၄)ခုအနက်မှ (၅)ခုမှ အခွန်အကောက်အမျိုးအစား (၉)မျိုးကို ကောက်ခံရရှိတာလည်း ဖြစ်ပါတယ်။ အဆိုပါတင်ပြမည့် ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းမှ ရရှိရမယ့်ရန်ပုံငွေများဟာ ပြည်နယ်အတွက် တစ်လုံးတစ်ခဲတည်းနဲ့ ရမည့်ရန်ပုံငွေတွေလည်း ဖြစ်ပါတယ်။

သို့ပါသောကြောင့် အဆိုပါလုပ်ငန်းစီမံကိန်းများဟာ ၂၀၁၆- ၂၀၁၇ စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာမှာ ဆောင်ရွက်ဆဲလို့ တင်ပြထားတာဖြစ်တဲ့အတွက် အခုအချိန်မှာဆိုရင် ၂၀၁၉ နှစ်လယ်ပိုင်းသို့ ရောက်ရှိလာတာလည်း တွေ့ရှိရပါတယ်။ သို့ပါသောကြောင့် ယနေ့အချိန်ထိ အဆိုပါစီမံကိန်းလုပ်ငန်းများဟာ ပေးသွင်းမှု အခြေအနေနှင့်ပတ်သက်၍ လည်းကောင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်တဲ့အတွက် ဘယ်ဒေသတွေကို လျှပ်စစ်ဓာတ်အားပေးနေကြောင်းနှင့်အဲ့ဒီရဲ့ အရင်းအမြစ်လျှပ်စစ်ဓာတ်အားတွေကို ဘယ်နေရာကနေရယူနေတာဖြစ်ကြောင်း ကျွန်တော်တို့ သိရှိဖို့လည်း လိုအပ်မှာလည်းဖြစ်ပါတယ်။ အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကြောင့် ပြည်သူ/ ပြည်သားများအတွက် အကျိုးခံစားခွင့် ဘယ်လောက်ရသလဲ၊ ပြည်နယ်များထံမှ ပြည်သူများမှကျသင့်သုံးစွဲနေရတဲ့လျှပ်စစ်ဓာတ်အား ကျသင့်ငွေများစသည့် ကိစ္စရပ်များဟာလည်း မိမိတို့လွှတ်တော်ကိုယ်စားလှယ်များကလည်း သိရှိထားဖို့လိုအပ်သလို၊ ပြည်သူများမှလည်း သိရှိဖို့လိုအပ်မှာလည်း ဖြစ်ပါတယ်။

မိမိတို့ အဆိုပါလျှပ်စစ်စီမံကိန်း(၁၃)ခုနှင့် မေးမြန်းခြင်းအားဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်သည့်အပြင် လိုအပ်သလို ညှိနှိုင်းပေါင်းစပ်နိုင်မှာလည်းဖြစ်ပြီး၊ ပြည်နယ်မှ လုပ်ငန်းဆောင်ရွက်တဲ့ စီမံကိန်းမှရရှိလာမည့် အခွန်အခများရရှိမှု ဆောင်ရွက်နေမှုအခြေအနေများကိုလည်း မိမိတို့လွှတ်တော်ဆိုတာ ပြည်သူကို တာဝန်ခံရတာဖြစ်ပြီးတော့မှ အစိုးရကလည်း ပြည်သူကို တာဝန်ပြန်ခံရတာဖြစ်တာနဲ့အညီ ကျွန်တော်တို့ ပြည်နယ်သူ/ ပြည်နယ်သားများအတွက် ဖွံ့ဖြိုးရေးသုံးစွဲမယ့်ရန်ပုံငွေများကို တကယ်စာရင်းထဲရောက်လာသလားဆိုတာလည်း သိရှိမှာ ဖြစ်သလို၊ ဘာကြောင့်ကြန့်ကြာနေတာလည်းဆိုတာလည်း သိရှိဖို့လိုအပ်မှာလည်း ဖြစ်ပါတယ်။ သို့ပါသောကြောင့် ကျွန်တော်တို့ အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ပြည်နယ်အတွက် ရရှိနိုင်မည့် ရန်ပုံငွေများနှင့် ပတ်သက်ပြီးတော့မှ အောက်ပါကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်-

(၁) လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း(၁၃)ခုကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီ(သို့မဟုတ်) အဖွဲ့အစည်း အမည်နှင့် တည်နေရာ၊

(၂) အဆိုပါစီမံကိန်း (၁၃)ခုနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းမှု အခြေအနေ၊

(၃) ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းရန် ကျန်ရှိသောစီမံကိန်းနှင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီအမည်၊

(၄) စီမံကိန်း (၁၃)ခုမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ပေးသွင်းရမည့် ငွေကျပ်သန်းမည်မျှရှိပြီး၊ ရရှိရန်ကျန်ငွေ ကျပ်သန်းမည်မျှရှိသည် စသည်တို့ကိုသိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းရဲန်တစ်လုံ၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။** အားလုံးမင်္ဂလာပါ။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းတဲ့မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရဲန်တစ်လုံက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉)ရဲ့ တက်ရောက်လာကြသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လေ့လာသူများအားလုံး မင်္ဂလာပါအပေါင်းနဲ့ ခညောင်းပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ရဲ့ မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပိုဒ် (၁၅)နှင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပိုဒ် (၁၆)အရ လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေထုတ်စာရင်းအမှတ် MD -021932သို့ ပေးသွင်းမှုမရှိသေးသည့်ငွေများနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ စာရင်းအမှတ်၊ CF-001330သို့ ပေးသွင်းမှုမရှိသေးသည့် ငွေများအား ဖော်ပြထားသဖြင့် ပြည်နယ်အတွက် ပေးသွင်းရမည့် ရန်ပုံငွေအခြေအနေများကို အောက်ပါအတိုင်း သိရှိလိုပါသည်-

(က) လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း(၁၃)ခုကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအမည်နှင့်တည်နေရာ၊

( ခ) အဆိုပါ စီမံကိန်း(၁၃)ခုနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေစာရင်း ခေါင်းစဉ် အလိုက်ပေးသွင်းမှုအခြေအနေ၊

( ဂ) ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းရန် ကျန်ရှိသောစီမံကိန်းနှင့် တာဝန်ယူ ဆောင်ရွက်နေသော ကုမ္ပဏီအမည်

(ဃ) စီမံကိန်း(၁၃)ခုမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ပေးသွင်းရမည့် ငွေကျပ်သန်း မည်မျှရှိပြီး၊ ရရှိရန်ငွေကျပ် သန်းမည်မျှ ရှိပါသနည်းဟူ၍ သိရှိလိုပါကြောင်း မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း(၁၃)ခုကို တာဝန် ယူ ဆောင်ရွက်နေသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း အမည်နှင့် တည်နေရာအား နောက်ဆက်တွဲဇယား (က)ဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အဆိုပါ စီမံကိန်း(၁၃)ခုနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးငွေစာရင်း ခေါင်းစဉ်အလိုက် ပေးသွင်းပြီးစီးမှု အခြေအနေကို နောက်ဆက်တွဲ(ခ)ဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငွေစာရင်းခေါင်းစဉ် အလိုက် ပေးသွင်းရန်ကျန်ရှိသောစီမံကိန်းနှင့် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီအမည် မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မင်္ဂလာမြန်မာစွမ်းအင်ကုမ္ပဏီမှတာဝန်ယူ ဆောင်ရွက်နေသော နမ့်လိန်ချောင်း တွင် (၁.၅မဂ္ဂါဝပ်)ရေအားလျှပ်စစ်ထုတ်ဖော်ခြင်းစီမံကိန်းမှ လုပ်ငန်းအာမခံ ငွေပေးသွင်းရန်ဖြစ်ပြီး၊

( ခ) ဇိုက်ရှိန်းပို့ကုန်သွင်းကုန်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ပါကျက် ဟော် ရေအားလျှပ်စစ်စက်ရုံစီမံကိန်းမှ မြေငှားရမ်းခ၊ မြေအသုံးချမှု ပရီမီယံ ကြေး၊ လုပ်ငန်းအာမခံကြေး၊ လက်မှတ်ရေးထိုးမှုဆုငွေ ပေးသွင်းရန်၊ စီမံကိန်း (၁၃)ခုမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ပေးသွင်းရမည့် စုစုပေါင်းငွေမှာ ကျပ် (၅၅၈.၉၄၅)သန်းဖြစ်ပြီး ငွေကျပ်သန်း (၄၁၁.၃၄၅)သန်းကို ပေးသွင်းပြီး ဖြစ်ပါကြောင်းနဲ့ ပေးသွင်းရန်ကျန်ငွေမှာ စုစုပေါင်းကျပ် (၁၄၇.၆၀၀) သန်း ဖြစ်ပြီး ယင်းငွေအနက် ကျပ်သန်း(၁၀၀.၀၀၀)မှာ မင်္ဂလာမြန်မာကုမ္ပဏီမှ ပေးသွင်း ရမည့်လုပ်ငန်းအာမခံငွေဖြစ်ပါသဖြင့် ပေးသွင်းပြီးပါက ပြန်လည်ထုတ်ပေး ရမည့်ငွေဖြစ်ကြောင်းနှင့် ပေးသွင်းရန် ကျန်ငွေများကို ဤရုံး၏ ၅-၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ (၁၄၆၁)/ ၆-၂၃၄/ အစရ(ရှမ်း)ဖြင့် လည်းကောင်း၊ ၂၇-၆-

၂၀၁၈ ရက်စွဲပါစာအမှတ်၊ (၈၀၄၉) /၈–၁၁၂/ အစရ (ရှမ်း)ဖြင့် လည်းကောင်း ၂၀– ၁၂– ၂၀၁၈ ရက်စွဲပါစာအမှတ်၊ (၁၉၂)/ ၈ – ၁၁၂/ အစရ (ရှမ်း)ဖြင့် လည်း ကောင်း၊ ၉–၁၂–၂၀၁၈ ရက်စွဲပါစာအမှတ်၊ (၂၀၅) /၈–၁၁၂/ အစရ(ရှမ်း) အကြောင်းကြားထားပြီး ဖြစ်သော်လည်း ပေးသွင်းရန် ကျန်ရှိနေပါသဖြင့် အမြန်ဆုံးသွင်းနိုင်ရေး ဤရုံး၏ ၃–၇–၂၀၁၉ ရက်စွဲပါစာအမှတ်၊(၈၇၁၇)/ ၈ – ၁၁၂/ အစရ(ရှမ်း)ဖြင့် မဂ္ဂါမြန်မာကုမ္ပဏီသို့ လည်းကောင်း၊ ၃–၇–၂၀၁၉ ရက်စွဲပါစာအမှတ်၊ (၈၇၁၆)/ ၈–၁၁၂/ အစရ (ရှမ်း)ဖြင့် ဇိုက်ရှိန်း ပို့ကုန်သွင်းကုန်ကုမ္ပဏီသို့လည်းကောင်း ထပ်မံအကြောင်းကြားထားပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နောက်ဆက်တွဲဇယား (က)အနေနဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း(၁၃)ခုကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီများအမည်စာရင်းနှင့် တည်နေရာများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်–

(၁) မင်းခေတ်သစ်သတ္တုတူးဖော်ရေးကုမ္ပဏီ (MOA)ထိုးပြီးဖြစ်ပါကြောင်း၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မိုင်းဟဲကျေးရွာ၊ ကျောက်လှိုင်ဂူအနီး မြေဧရိယာ (၂၅)ဧကတွင် ကျောက်မီးသွေးသုံး လျှပ်စစ်(၂၀မဂ္ဂါဝပ်) စီမံကိန်းဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ MOU ကို ၂၅-၇-၂၀၁၄ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် သဘာတူစာချုပ် MOA ကို ၁၉-၂-၂၀၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါကြောင်း၊

(၂) Myanmar Hydropower Development Co.,Ltd (MOA) ထိုးပြီး ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ နမ့်ကန်ချောင်း မြေဧရိယာ (၅၂)တွင် (၉မဂ္ဂါဝပ်) နမ့်ကန်ချောင်း ရေအားလျှပ်စစ် ထုတ်ဖော်ခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MOU)ကို ၂၉-၂-၂၀၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်ပါသဖြင့် သဘောတူစာချုပ် (MOA)ကို ၁၃-၉-၂၀၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီးဖြစ်ပါကြောင်း။

(၃) Myanmar Hydropower Development Co.,Ltd (MOA) ထိုးပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ သပြေ

တိုးကျေးရွာအုပ်စု၊ ဘန့်ကွေးကျင်းရွာအနီး မြေဧရိယာ(၂၁၀)ကေတွင် (၁၀ မဂ္ဂါဝပ်) မင်းလှရေအားလျှပ်စစ် ထုတ်ဖော်ခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (MOU)ကို ၂၉-၂-၂၀၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် သဘောတူ စာချုပ် (MOA)ကို ၁၃-၉-၂၀၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါကြောင်း၊

( ၄) Myanmar Hydropower Development Co.,Ltd (ငှားရမ်းစာချုပ်) ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ မြေဧရိယာ (၄၀)ပေါ်တွင် ဇော်ဂျီမြစ်ပေါ်ရှိ (၁.၆မဂ္ဂါဝပ်)တပ်ကြီး ရေအားလျှပ်စစ်စက်ရုံ ပြန်လည် ပြင်ဆင် တည်ဆောက်ခြင်းစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် နားလည်မှု စာချွန်လွှာ(MOU)ကို ၂၉-၂-၂၀၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး ငှားရမ်းစာချုပ် အား ၁၄-၁-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီးဖြစ်ပါကြောင်း၊

( ၅) မဂ္ဂါမြန်မာစွမ်းအင်ကုမ္ပဏီ (MOA) ထိုးပြီး ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်း၊ မိုင်းပျဉ်း- ကျိုင်းတုံ ကားလမ်းဘေး၊ မြေကေ(၁)ကေ နမ့်လိန်ချောင်းတွင် (၁.၅မဂ္ဂါဝပ်) ရေအားလျှပ်စစ် ထုတ်ဖော်ခြင်းဆိုင်ရာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ MOU ကို ၂၉-၂-၂၀၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများပြီးမြောက်၍ သဘောတူ စာချုပ် (MOA)ကို ၁၉-၂-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပါကြောင်း။

( ၆) မဂ္ဂါမြန်မာစွမ်းအင်ကုမ္ပဏီ (MOA) ထိုးပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်း၊ မိုင်းပျဉ်း- ကျိုင်းတုံ ကားလမ်းဘေး၊ မြေကေ(၃.၅)ကေ နမ့်ပိန်းချောင်းတွင် (၂မဂ္ဂါဝပ်) ရေအားလျှပ်စစ် ထုတ်ဖော်ခြင်းဆိုင်ရာ စီမံကိန်း လုပ်ငန်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ MOU ကို ၂၉-၂-၂၀၁၅ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများ ပြီးမြောက်၍ သဘောတူစာချုပ်(MOA) ကို ၁၉-၂-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ပြီးဖြစ်ပါကြောင်း၊

( ၇) ကျိုင်းတုံစွမ်းအင်ကုမ္ပဏီ (ငှားရမ်းစာချုပ်) ချုပ်ဆိုထားပြီး၊ ကျိုင်းတုံမြို့ရှိ နမ့်ဝုတ်ရေအား လျှပ်စစ်စက်ရုံနှင့်မြေငှားရမ်းသည့် သဘောတူစာချုပ်ချုပ်ဆို ထားပါကြောင်း၊

( ၈) ကျိုင်းတုံစွမ်းအင်ကုမ္ပဏီ (ငှားရမ်းစာချုပ်)၊ ကျိုင်းတုံမြို့ရှိ နမ့်လပ်ရေအား လျှပ်စစ်စက်ရုံနှင့်မြေငှားရမ်းသည့်သဘောတူစာချုပ်ချုပ်ဆိုထားပါကြောင်း၊

( ၉) ကြွယ်ဝသောကုမ္ပဏီ(ငှားရမ်းစာချုပ်)၊ ကျောက်မဲမြို့ရှိ နမ့်စောင်ငေါင်း ရေအား လျှပ်စစ်စက်ရုံနှင့် မြေငှားရမ်းသည့် သဘောတူစာချုပ်ကို ကြွယ်ဝသောရတနာ ရွှေမြေသတ္တု တူးဖော်ရေးကုမ္ပဏီအမည်ဖြင့် ၁၄-၁-၂၀၁၆ ရက်နေ့တွင် ချုပ်ဆိုခဲ့ ပြီး ၈-၃-၂၀၁၈ရက်နေ့တွင် ထွန်းနှင့်သန်းကုမ္ပဏီအမည်ဖြင့် ပြောင်းလဲချုပ်ဆို ခဲ့ပါကြောင်း၊

(၁၀) ဇိုက်ရှိန်းပို့ကုန်သွင်းကုန်ကုမ္ပဏီ(ငှားရမ်းစာချုပ်)၊ ချင်းရွှေဟော်မြို့ရှိ ပါကျက် ဟော် ရေအားလျှပ်စစ်စက်ရုံနှင့် မြေငှားရမ်းသည့် သဘောတူစာချုပ် ချုပ်ဆို ထားပါကြောင်း၊

(၁၁) ပန်ခွန်သတ္တုတူးဖော်ရေးကုမ္ပဏီ(ငှားရမ်းစာချုပ်)၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၊ ကောင်းဆန်းကျေးရွာရှိ နမ့်ဆောင်ချောင်း ရေအားလျှပ်စစ်စက်ရုံနှင့် မြေငှား ရမ်းသည့် သဘောတူစာချုပ်ချုပ်ဆိုထားပါကြောင်း၊

(၁၂) မြသင်းကြူကုမ္ပဏီ (ငှားရမ်းစာချုပ်)၊ လားရှိုးမြို့ရှိ နမ့်မျှော်ရေအားလျှပ်စစ် စက်ရုံနှင့် မြေငှားရမ်းသည့် သဘောတူစာချုပ်ချုပ်ဆိုထားပါကြောင်း၊

(၁၃) လွယ်ဆမ်ဆုံကုမ္ပဏီ (ငှားရမ်းစာချုပ်)၊ ကျိုင်းတုံမြို့ရှိ မယ်ပန်ရေအားလျှပ်စစ် စက်ရုံနှင့် မြေငှားရမ်းသည့်သဘောတူစာချုပ်ချုပ်ဆိုထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နောက်ဆက်တွဲဇယား(ခ)အနေနဲ့ ရေအားလျှပ်စစ်စီမံကိန်း(၁၃)ခုမှ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးသို့ ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းမှုအခြေအနေကို အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါတယ်-

(၁) မင်းခေတ်သစ်ကုမ္ပဏီ၊ မြေငှားရမ်းခ ကျပ်၁.၂၅၀သန်း၊ အာမခံကြေး ကျပ်သန်း ၅၀.၀၀၀၊

(၂) မြန်မာဟိုက်ဒရိုပါဝါ(တပ်ကြီး) ကုမ္ပဏီ၊ မြေငှားရမ်းခ ကျပ်၂.၀၀၀ သန်း၊ အာမခံကြေး ကျပ်သန်း ၂၀.၀၀၀၊ ဆုငွေ ကျပ်သန်း၁၀.၀၀၀၊

( ၃) မြန်မာဟိုက်ဒရိုပါဝါ(နမ့်ကန်) ကုမ္ပဏီ၊ မြေအသုံးချမှု ပရီမီယံကြေး ကျပ် ၁၀.၀၀၀ သန်း၊ အာမခံကြေး ကျပ် ၁၂.၀၀၀ သန်း ၊

( ၄) မြန်မာဟိုက်ဒရိုပါဝါ(မင်းလှ)ကုမ္ပဏီ၊ မြေအသုံးချမှု ပရီမီယံကြေး ကျပ် ၁၀.၀၀၀ သန်း၊ အာမခံကြေး ကျပ် ၁၂.၀၀၀ သန်း ၊

( ၅) မဂ္ဂါမြန်မာစွမ်းအင် (နမ့်ပိန်) ကုမ္ပဏီ၊ မြေငှားရမ်းခ ကျပ် ၀.၁၇၅ သန်း၊ အာမခံကြေး ကျပ်သန်း ၁၀၀.၀၀၀၊

( ၆) မဂ္ဂါမြန်မာစွမ်းအင် (နမ့်လိန်း)၊ မြေငှားရမ်းခ ကျပ် ၀.၀၅၀ သန်း၊

( ၇) လွယ်ဆမ်ဆုံကုမ္ပဏီ မြေငှားရမ်းခ ကျပ် ၀.၂၅၀ သန်း၊ အာမခံကြေး ကျပ်သန်း ၂၀.၀၀၀၊ ဆုငွေ ကျပ် ၁၀.၀၀၀ သန်း၊

( ၈) ကျိုင်းတုံစွမ်းအင် (နမ့်လတ်) မြေငှားရမ်းခ ကျပ် ၁.၃၅၀ သန်း၊ အာမခံကြေး ကျပ်သန်း ၂၀.၀၀၀၊ ဆုငွေ ကျပ် ၁၀.၀၀၀ သန်း၊

( ၉) ကျိုင်းတုံစွမ်းအင် (နမ့်ဝုတ်) မြေငှားရမ်းခ ကျပ် ၁.၈၆၇ သန်း၊ အာမခံကြေး ကျပ်သန်း ၂၀.၀၀၀၊ ဆုငွေ ကျပ် ၁၀.၀၀၀ သန်း၊

(၁၀) ကြွယ်ဝသောကုမ္ပဏီ မြေငှားရမ်းခ ကျပ်၀.၄၀၃သန်း၊ အာမခံကြေး ကျပ်သန်း ၂၀.၀၀၀၊ ဆုငွေ ကျပ် ၁၀.၀၀၀ သန်း ၊

(၁၁) ပန်ခွန်ကုမ္ပဏီ အာမခံကြေး ကျပ်သန်း ၂၀.၀၀၀ ၊ ဆုငွေ ကျပ် ၁၀.၀၀၀ သန်း ၊

(၁၂) မြသင်းကြူ အာမခံကြေး ကျပ်သန်း ၂၀.၀၀၀ ၊ ဆုငွေ ကျပ် ၁၀.၀၀၀ သန်း ပေးသွင်းထားပြီးဖြစ်ပါကြောင်း၊ စုစုပေါင်း မြေငှားရမ်းခကျပ် ၇.၃၄၅ သန်း၊ မြေအသုံးချမှုပရီမီယံကြေးကျပ် ၂၀.၅၀၀ သန်း၊ အာမခံကြေးကျပ် ၃၁၄.၀၀၀ သန်း၊ ဆုငွေ ကျပ်သန်း ၇၀.၀၀၀ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး နောက်ဆက်တွဲဇယား(ဂ) (၃၀-၆-၂၀၁၉)ရက်နေ့အထိရေအားလျှပ်စစ်စီမံကိန်း (၁၃)ခုမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ငွေစာရင်းခေါင်းစဉ်အလိုက် ပေးသွင်းရန်ကျန်ရှိသောစာရင်းမှာအောက်ပါအတိုင်းဖြစ်ပါသည်-

(၁) မဂ္ဂါမြန်မာစွမ်းအင်(နမ့်လိန်း)ကုမ္ပဏီမှ ကျပ် သန်း ၁၀၀.၀၀၀ ၊

(၂) ဇိုက်ရှိန်းပို့ကုန်သွင်းကုန်ကုမ္ပဏီမှ မြေငှားရမ်းခ(၃)နှစ်အတွက် ကျပ် ၁.၁၀၀ သန်း၊ မြေအသုံးချမှု ပရီမံယံကြေး ကျပ်၁၆.၅၀၀သန်း၊ အာမခံကြေး ကျပ်သန်း ၂၀.၀၀၀ ၊ ဆုငွေ ကျပ် ၁၀.၀၀ သန်း အသီးသီးကျန်ရှိပါကြောင်း၊ စုစုပေါင်း မြေငှားရမ်းခမှာ ကျပ် ၁.၁၀၀ သန်း၊ မြေအသုံးချမှုမှာ ပရီမံယံကြေး

ကျပ် ၁၆.၅၀၀ သန်း၊ အာမခံကြေးမှာ ကျပ်သန်း ၁၂၀.၀၀၀၊ ဆုငွေမှာ ကျပ် ၁၀.၀၀၀ သန်း ဖြစ်ပါကြောင်း ဖြေကြားလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်မှာ ဆောင်ရွက်နေတဲ့ စုပေါင်းခဲတတ်အားထုတ်လုပ်မှုကို လက်ရှိမင်းခေတ်သစ်ကုမ္ပဏီ တာချီလိတ်မြို့နယ်မှာ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်းနှင့် ကျန်တဲ့မြို့နယ်တွေမှာလည်း သက်ဆိုင်ရာမြို့နယ်တွေမှာ ထုတ်ယူဖြန့်ဖြူးနေပါကြောင်းဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးစိုင်းလှဝင်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ အခုကျွန်တော်မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မိုင်းပျဉ်းမြို့နယ်၊ ယမ်းခမ်း၊ ဖါဝေါ၊ ယမ်းမိုင်ကျေးရွာအတွင်းမှာရှိတဲ့ ရွာများအတွက် စိမ့်စမ်းရေသွယ်လုပ်ငန်း ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ မေးမြန်း တင်ပြအပ်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော်တို့ မိုင်းပျဉ်းမြို့နယ်မှာရှိတဲ့ ယမ်းခမ်း၊ ဖါဝေါ၊ ယမ်းမိုင်အတွင်းမှာရှိတဲ့ ကျေးရွာခပ်များများဟာဆိုရင် အကြောင်းအမျိုးမျိုးကြောင့် သောက်သုံးရေအခက်အခဲ တွေ့ကြုံရတဲ့ ကျေးရွာများလိုအပ်တဲ့ စိမ့်စမ်းရေသွယ်လုပ်ငန်းမှာဆိုရင် ကျွန်တော်တို့ ယမ်းခမ်းအုပ်စုမှာဆိုရင် ကောင်းခမ်းရွာ အိမ်ခြေက(၄၁)အိမ်၊ လူဦးရေက (၁၈၂)၊ ဖာဝေါတောင်သုံးလုံးရွာ အိမ်ခြေက(၄၀)၊ လူဦးရေက(၁၈၉)နှင့် ယမ်းမိုင်အုပ်စု၊ ပိန်းမုံရွာ အိမ်ခြေ(၄၂)၊ လူဦးရေ(၁၅၀) ရှိတာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရေအခက်အခဲကြုံတွေ့နေရတဲ့ သည်ကျေးရွာ (၃)ရွာအတွက် လိုအပ်တဲ့ ရန်ပုံငွေ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေ ထည့်သွင်းကျခံပြီးတော့ သုံးစွဲခွင့်ပြုရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းပြီးတော့ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမေးမြန်းတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့နယ်ရှိ ယမ်းခမ်းကျေးရွာအုပ်စု၊ ကောင်းခမ်းကျေးရွာ၊ ဖာဝေါကျေးရွာအုပ်စု၊ တောင်သုံးလုံးကျေးရွာနှင့် ယမ်းမိုင်ကျေးရွာအုပ်စု၊ ပိန်းမုံကျေးရွာများမှာ သောက်သုံးရေအခက်အခဲကြုံတွေ့နေရပါသဖြင့် အဆိုပါကျေးရွာများအား စိမ့်စမ်းရေသွယ် လုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးအတွက် လာမည့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ထည့်သွင်းကျခံသုံးစွဲခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါသည်ဆိုသည့်မေးခွန်းနှင့် စပ်လျဉ်းပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်က ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ယမ်းခမ်းကျေးရွာအုပ်စု၊ ကောင်းခမ်းကျေးရွာတွင် အိမ်ခြေ(၃၀)၊ လူဦးရေ (၁၂၅)ဦး မှီတင်းနေထိုင်လျက်ရှိပြီး လက်ရှိရေသုံးစွဲမှုအခြေအနေမှာ ကျေးရွာမှ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် စိမ့်စမ်းရေသွယ်ယူခြင်း (၃/ ၀)မိုင် လုပ်ငန်းဆောင်ရွက်ထားသော်လည်း ရေလုံလောက်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

ဒ့ါအပြင် ဖာဝေါကျေးရွာအုပ်စု၊ တောင်သုံးလုံးကျေးရွာတွင် အိမ်ခြေ(၄၀)၊ လူဦးရေ (၁၈၉)ဦး မှီတင်းနေထိုင်လျက်ရှိပြီး ရေထွက်နှင့် ကျေးရွာ (၃/ ၀)မိုင်ကွာဝေးပြီး ရေထွက်မှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားသော်လည်း ရေလုံလောက်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဒ့ါအပြင် ယမ်းမိုင်ကျေးရွာအုပ်စု၊ ပိန်းမုံကျေးရွာတွင် အိမ်ခြေ(၄၂)၊ လူဦးရေ(၁၅၀)ဦး မှီတင်း နေထိုင်လျက်ရှိပြီး မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်တွင်လည်း ၂" PVC ပိုက် (၄၅၂)လုံးအား ထောက်ပံ့ပေးခဲ့ပြီး ဖြစ်သော်လည်း ယခုအခါ လူဦးရေတိုးတက်လာသောကြောင့် ရွာအတွင်း ပြုလုပ်ထားသော အုတ်ရေကန် (၄'x ၆'x ၄') ဂါလန်(၆၀၀)ဆံ့ အုတ်ရေကန်ငယ်သာရှိသည့်အတွက် ရေလုံလောက်စွာ စုဆောင်းနိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ ကောင်းခမ်းကျေးရွာ၊ တောင်သုံးလုံးကျေးရွာနှင့် ပိန်းမုံကျေးရွာတို့အနက် ကောင်းခမ်းကျေးရွာ ရေရရှိရေး(၃/၀)မိုင်၊ ခန့်မှန်းကုန်ကျငွေ ကျပ် ၂၈.၈၁

သန်းအား ၂၀၁၉– ၂၀၂၀ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ထပ်တိုးရန်ပုံငွေတွင် လျာထားတင်ပြထားပြီးဖြစ်ပါကြောင်းနှင့် တောင်သုံးလုံးကျေးရွာနှင့် ပိန်းမုံကျေးရွာရေရရှိရေးအတွက် မိုင်းပျဉ်းမြို့နယ်စီမံကိန်းတွင် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ဦးစားပေးအလိုက် ရေးဆွဲတင်ပြလာပါက ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** ဆက်လက်ပြီးတော့ ဒုတိယကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်ရဲ့ မိုင်းပျဉ်းမြို့အမှိုက်စွန့်ပစ်တဲ့ အမှိုက်ကျင်းနေရာအသစ်သို့ သွားလမ်းအား ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းပျဉ်းမြို့နယ် စည်ပင်သာယာရေးဌာနဟာဆိုရင် မိုင်းပျဉ်းမြို့ ပြည်သူလူထု၏ အမှိုက်များကို ခမရ (၅၂၈)တပ်မြေအတွင်းမှာ သွားရောက်ပြီး စွန့်ပစ်နေရပါတယ်။ ယခုအခါမှာတော့ သက်ဆိုင်ရာအဖွဲ့အစည်းကနေပြီးတော့ အဆိုပါ စွန့်ပစ်ခြင်း ခွင့်မပြုတော့ပါသဖြင့် မိုင်းပျဉ်းမြို့နှင့် (၆)မိုင်ဝေးသည့် ဝမ်ဖြစ်ကျေးရွာအုပ်စုအတွင်းရှိ (၁၁)ကေကျယ်ဝန်းသည့် မြေနေရာရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့်လည်း အမှိုက်ကျင်းသို့ သွားတဲ့လမ်းမှာဆိုရင် မူလလမ်းဟောင်းမှာဆိုရင် ကျဉ်းပြီးခက်ခဲစွာ သွားလာဝင်ထွက်နေရတဲ့ အနေအထားလေးရှိပါတယ်။ အမှိုက်ယာဉ် အဆင်ပြေစွာ သွားလာနိုင်ရန် ကျောက်ရောမြေသားလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အထူးလိုအပ်သည်ကိုလည်းလေ့လာတွေ့ရှိရပါတယ်။ အဆိုပါလမ်းဟာဆိုရင် (၅၃၀၀' ×၁၂'×၂") အတိုင်းအတာဖြင့် သက်ဆိုင်ရာအင်ဂျင်နီယာက တွက်ချက်ခဲ့ရာ ငွေကျပ် **၁၉.၄** သန်း ကုန်ကျမည်ဟု ခန့်မှန်းတွက်ချက်ထားရှိပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလိုအပ်တဲ့လမ်းအား ကုန်ကျစရိတ်ကို လာမည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ကျခံသုံးစွဲခွင့်ပြုပေးနိုင်မည့် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။

မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့ ပြည်သူလူထုများ၏ အမှိုက်များစွန့်ပစ်မည့် သတ်မှတ် ထားသည့် ဝမ်ဖြစ်ကျေးရွာအုပ်စုအတွင်းရှိ အမှိုက်ကျင်းမြေနေရာသစ်သွားလမ်း (၅၃၀၀' × ၁၂'×၂" )ကို ကျောက်ရောမြေသားလမ်း ဆောင်ရွက်ပေးရန်အတွက် ကုန်ကျမည့် ငွေကျပ် ၁၉.၄ သန်းအား ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ ကျခံသုံးစွဲခွင့်ပြုပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုခြင်းနှင့်ပတ်သက်ပြီး မိုင်းပျဉ်းမြို့သည် မြို့ပေါ်ရပ်ကွက်(၃) ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး အိမ်ခြေ (၁၂၀၀)ကျော်ခန့် ရှိပါတယ်။ မိုင်းပျဉ်းမြို့နယ်စည်ပင် သာယာရေးဌာနအနေဖြင့် မြို့ပေါ် (၃)ရပ်ကွက်မှ ထွက်ရှိသော အမှိုက်များကို သိမ်းဆည်းပြီး တောင်ကြီးမြို့ဘက် အထွက် ( ၄ )မိုင်ခန့်အကွာ ပြည်ထောင်စုလမ်းမဘေး ( ၅၂၈ ) ခလရ တပ်ရင်းပိုင် မြေပေါ်တွင် ယာယီအမှိုက်စွန့်ပစ်လျက် ရှိပါတယ်။ အဆိုပါနေရာသည် အများ ပြည်သူ အမြင်မတင့်တယ်ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိခြင်းတို့ကြောင့် ယခုအခါ မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့၏ ညှိနှိုင်းဆွေးနွေးဆုံးဖြတ် ချက်အရ မက်မန်းမြို့ဘက်အထွက် (၅)မိုင်ခန့်အကွာ ဝမ်ဖြစ်ကျေးရွာ အုပ်စုအတွင်း မြေဧရိယာ (၁၁)ဧကခန့်အား ရှာဖွေတွေ့ရှိထားပြီး အမှိုက်စွန့်ပစ်မြေအဖြစ် သတ်မှတ်နိုင်ရန်နှင့် ဌာန အမည်ပေါက်ရရှိရေး လိုအပ်သော စာရွက်စာတမ်း၊ ထောက်ခံချက်များနှင့်အတူ သက်ဆိုင်ရာ သို့ လျှောက်ထားပြီး ဖြစ်ပါတယ်။ အဆိုပါ အမှိုက်ကျင်း မြေနေရာသစ်သို့ ဝင်/ ထွက်သည့် လမ်းမှာ လူသွားလမ်းသာ ဖြစ်နေ၍ အတိုင်းအတာ (၅၃၀၀' × ၁၂' × ၂")ရှိ မြေသား လမ်းဖောက်လုပ်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ကွင်းဆင်း စစ်ဆေးတိုင်းတာတွက်ချက်ခဲ့ရာ ငွေကျပ် ၁၉.၄ သန်းခန့် ကုန်ကျမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့၊ အမှိုက်ကျင်း မြေနေရာသစ်သွားလမ်း မြေသားလမ်း ဖောက်လုပ်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း(၅၃၀၀'×၁၂'×၂") ကုန်ကျငွေ ကျပ် ၁၉.၄ သန်းအား ၂၀၁၉- ၂၀၂၀ခု ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ပြီးဖြစ်ပါသဖြင့်

ခွင့်ပြုရန်ပုံငွေရရှိပါက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မဲဆန္ဒရှင် ပြည်သူများ၏ဆန္ဒအရ လည်းကောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရေးအတွက် ရည်မှန်းချက်ထားရှိ၍ ပြည်သူ့အကျိုးပြု ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းတင်ပြလိုပါတယ် ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်သည် ပြည်ထောင်စုတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသော မြို့နယ်တစ်ခုဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော နယ်စပ်မြို့တစ်မြို့လည်းဖြစ်ပါတယ်။ ယခုကျွန်တော် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမည့်လမ်းမှာ အခြေပြု၍ ဖြတ်သန်းသွားလာနေသော ကျေးရွာအုပ်စုများဖြစ်သည့် မိုင်းတွမ်းတောင်ပေါ်အုပ်စု၊ မိုင်းလုံးအုပ်စုနှင့် မိုင်းခုတ်မြို့တို့ကို ချိတ်ဆက်ထားသော မြေသားလမ်းတစ်လမ်းဖြစ်ပါတယ်။ အဆိုပါမြေသားလမ်းသည် (၂၂) မိုင်ရှိပြီး (၅)မိုင်သာ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ထားရှိပြီး ကျန်ရှိနေသည့် (၁၇)မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါက တိုင်းရင်းသားပြည်သူများ၏ ရင်ဆိုင်ကြုံတွေ့နေရသော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၎င်းလမ်းပိုင်းကို သင့်လျော်သော ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/ မရှိ သိရှိလို၍ မဲဆန္ဒရှင်ပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးလှဦး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ

အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ပထမဦးစွာ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ် မေးမြန်းတဲ့ မိုင်းဆတ်မြို့နယ်အတွင်းရှိ မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု၊ မိုင်းလုံးကျေးရွာအုပ်စုနှင့် မိုင်းခုတ်မြို့ရှိ ပူနားကိုကျေးရွာမှ မိုင်းလုံးကျေးရွာအုပ်စု၊ မိုင်းခုတ်မြို့အထိ မြေသားလမ်း (၂၂)မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဗိုလ်မှူးကြီးလှဦးက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းဆတ်မြို့နယ်၊ ပူးနာကို- အားဆော်ပေါ်မူး- ပုံတပ်- မိုင်းခုတ်လမ်းပိုင်းသည် (၂၆/၆) မိုင်ရှိသည့် လမ်းကြောင်းဖြစ်ပါတယ်။ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် အားဆော်ပေါ်မူး လမ်းပိုင်းပေါ်တွင် ကျောက်လမ်း(၃)မိုင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း(၂)မိုင် ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှလည်း ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် (၀/ ၆.၂)မိုင် ကျောက်လမ်းခင်းပြီးဖြစ်၍ စုစုပေါင်း (၅/ ၆.၂)မိုင်ကျောက်လမ်းဆောင်ရွက်ပြီးဖြစ်ပြီး (၂၁)မိုင် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိပါတယ်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအားနှစ်စဉ်စီမံကိန်းများရေးဆွဲတင်ပြ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာတွင် နိုင်ငံတော်မှ ခွဲဝေရရှိသည့် ရန်ပုံငွေခွင့်ပြုနိုင်မှုအပေါ် မူတည်၍ ရေးဆွဲတင်ပြရခြင်း ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်နှင့် မိုင်းခုတ်မြို့သို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်း (၂၂/ ၆)မိုင်အနက် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်ကျန်ရှိသည့် (၂၁/ ၀)မိုင်သည် ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကြီးမားခြင်း၊ ရန်ပုံငွေလိုအပ်ချက် များပြားခြင်းတို့ကြောင့် နှစ်ရှည်စီမံကိန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပူနားကို- အားဆော်ပေါ်မိုး- ပုံတပ်- မိုင်းခုတ် ကျေးရွာချင်းဆက်လမ်းပိုင်း (၂၂/ ၆)မိုင်အနက် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ရန် ကျန်ရှိသည့် လမ်းပိုင်း(၂၁/ ၀)မိုင်အား လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် တင်ပြပါဝင်လာပါက သင့်လျော်သည့် ဘဏ္ဍာရေးနှစ်တွင် လမ်းပိုင်းအလိုက် ရန်ပုံငွေလျာထားနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့)ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ဒုတိယနေ့) ကိုရပ်နား ပါမည်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (တတိယနေ့)ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၀)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပ သွားမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံး ကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရှမ်းပြည်နယ်**

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**အထူးအစည်းအဝေး(၁/၂၀၁၉)**

**(တတိယနေ့)မှတ်တမ်း**

**၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်**

**၂၀၁၉ ခုနှစ်၊ ဇူလိုင် လ ၁၀ ရက်**

**[ဗုဒ္ဓဟူးနေ့]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (တတိယနေ့) အစီအစဉ်ကို နံနက် (၁၀)နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)(တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၀)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၅.၇၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၆ နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉)(တတိယနေ့)အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊

စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) ၁၀- ၇- ၂၀၁၉ရက် (တတိယနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းလုံ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဦးစံလွင်၊ ဟိုပုံးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၇)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂၀)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) (တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀) ဦး၊ ယခင်ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၂၀)ဦးရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)၊ (၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)(ပထမနေ့) (၈-၇-၂၀၁၉)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစာရင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်းပေးပို့ထားပါတယ်။ ဒါကြောင့် မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ ဆုမွန်ကောင်းပေးပို့အပ်ပါတယ်။ အခုကျွန်တော်ဟာဆိုရင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေနှင့် ဝန်ထမ်းအိမ်ရာ၊ ဆိုင်ကယ်၊ ကားများ စိစစ်လျှော့ချငွေစာရင်းမှ ခွဲဝေချထားငွေစာရင်းအား

စိစစ်သုံးသပ်အကြံပြုဆွေးနွေးရန် အစီရင်ခံစာတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နည်းနည်း တင်ပြပါရစေ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကနေပြီး ကျွန်တော်တို့ ပဲခူး၊ ကရင်၊ မွန်၊ တနင်္သာရီကို လေ့လာရေးခရီးစဉ်သွားတဲ့အခါမှာ ပဲခူးတိုင်းဒေသကြီးနှင့် ကျွန်တော်တို့ ကော်မတီတို့ တွေ့ဆုံ ဆွေးနွေးပါတယ်။ အင်မတန်မှ ကောင်းမွန်တဲ့ အချက်အလက် ကြုံတွေ့ရရှိပါတယ်။ ဘာဖြစ်လဲဆိုတော့ ပဲခူးတိုင်းဒေသကြီး စိစစ်ရေးကော်မတီဟာဆိုရင် သူတို့ဆွေးနွေးအကြံပြုချက်မှာ ဥပမာဆိုရင် ကျွန်တော်တို့ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးဘတ်ဂျက် မဆွဲခင်အားလုံး အဆင်ပြေချောမွေ့စေဖို့ အစိုးရအဖွဲ့ ကနေပြီးတော့မှ ဖိတ်ကြားပါတယ်။ အဲ့ဒီအစည်းအဝေးမှာ ဝန်ကြီးချုပ်နဲ့ ဘဏ္ဍာရေး ဝန်ကြီး ကိုယ်တိုင်တက်ရောက်ပြီး ကျွန်တော်တို့ စိစစ်ရေးကော်မတီနဲ့အတူ သက်ဆိုင်ရာ ဌာန အကြီးအကဲတွေ ပေါင်းစပ်ညှိနှိုင်း ကျေကျေလည်လည် ဆွေးနွေးပြီးမှ သူ့ဘက် ကိုယ့်ဘက်လိုအပ်ချက်တွေပြီးပြည့်စုံအောင် မြို့နယ်အကျိုး၊ ပြည်သူရဲ့ အကျိုးတွေ အကုန်လုံး ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်ပြီးမှသာလျှင် သူတို့ရေးဆွဲပြီးတော့ လွှတ်တော်ကိုတင်တဲ့ အခါမှာ ချမ်းမြေ့စွာနဲ့ အေးအေးဆေးဆေးနဲ့ ဖြတ်သွားနိုင်တယ်လို့ လေ့လာတွေ့ရှိရတဲ့အတွက် အင်မတန်မှကောင်းမွန်တဲ့ အစဉ်အလာအဖြစ် လေ့လာတွေ့ရှိ ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ ပြည်နယ်မှာကျတော့လည်း အခြေအနေအရပ်ရပ် ဘယ်လိုလဲတော့မသိဘူး ခင်ဗျား။ တကယ်တမ်းတော့ အဲ့လိုသာရှိခဲ့တယ်ဆိုရင် လိုတိုးပိုလျှော့ ပတ်သက်တဲ့ လုပ်ငန်း တွေလည်း အထစ်အငေါ့ရှိမှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့်လည်းပဲ နောင်ဆိုရင် အဲ့လိုအစဉ်အလာများ ဆောင်ရွက်သွားပေးမယ်ဆိုရင် အကောင်းဆုံးဖြစ်လိမ့် မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ ယခုလက်ရှိအခြေအနေအရ ကျွန်တော်တို့ရဲ့ ထပ်တိုး ပေးလိုက်တဲ့ ငွေလုံးငွေရင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဆိုပေမယ့် လည်းလေ့လာ သုံးသပ်တဲ့အခါမှာ အားနည်းချက်ရှိတဲ့အတွက်ကြောင့် ကျွန်တော်ကနေပြီး ဆွေးနွေးတင်ပြ အကြံပြုခြင်း ဖြစ်ရပါတယ်။ အကြံပြုတဲ့နေရာမှာလည်း ကျွန်တော့်အနေနဲ့ ဘယ်သူ့ကိုမှ လည်း မုန်းတီးခြင်း၊ ရန်လိုခြင်းမရှိပါဘူးဆိုတာ တင်ပြအပ်ပါတယ်။ အဲ့ဒီတော့ သက်ဆိုင်ရာ ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးရဲ့ လမ်းညွှန်ချက်အရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များကို ဦးစားပေးဆောင်ရွက်ပါဆိုတဲ့ စကားရပ်အတိုင်းကို ကြည့်လိုက်တော့ အားနည်း နေတာဖြစ်တာကြောင့် ယခုလိုဆွေးနွေးအကြံပြု တင်ပြတာဖြစ်ကြောင်း ပဏာမ ဦးစွာ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်အတွင်းရှိ ဌာန/ အဖွဲ့အစည်းများ၏ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းနှင့် ရုံးသုံးမော်တော် ယာဉ်/ ဆိုင်ကယ် ဝယ်ယူခြင်းများအတွက် ကျပ် ၃.၀၇၅ ဘီလီယံ စိစစ်လျှော့ချခဲ့ပြီး အဆိုပါ

စိစစ်လျှော့ချငွေများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေ ကျပ်၂၃.၈ဘီလီယံ စုစုပေါင်းကျပ် ၂၆.၈၇၅ ဘီလီယံတို့အား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်သည့် ဌာန/ အဖွဲ့အစည်းများသို့ ခွဲဝေဆောင်ရွက်ရန် ခွင့်ပြုလာခဲ့ ကြောင်း လေ့လာသိရှိရပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များဟာဆိုရင် မိမိမြို့နယ်ကိုယ်စား ပြည်သူလူထု၏ လူမှုဘဝအဆင့်အတန်း၊ စားဝတ်နေရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ရေ၊ မီးစသည့်လိုအပ်ချက် အမျိုးမျိုးကို ကိုယ်စားပြုပြီး မေးခွန်းများဖြင့် မေးမြန်းတင်ပြလာခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ စုစုပေါင်း (၁၀၀၀)ကျော်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဆိုပါမေးခွန်းများအပေါ် ခွင့်ပြုလက်ခံ ဆောင်ရွက်ပေးသည့် မေးခွန်းများရှိသလို ကတိကဝတ်ဖြင့် ဆောင်ရွက်ပေးမည့်လုပ်ငန်း လည်းရှိပြီး ရန်ပုံငွေရှိမှ ပြန်လည်ဆောင်ရွက်ပေးမည်ဟု ပြန်လည်ဖြေကြားသည့် လုပ်ငန်းများ ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့် ဆက်စပ်ပြီးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှု မည်မျှရှိသည်ကို ရှင်းလင်းဖော်ပြခြင်း မရှိသော်လည်း အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပြီးစီးသည့်မေးခွန်းများ ရှိသလို ဆောင်ရွက်မပေးရသေးသည့် မေးခွန်းများလည်း ကျန်ရှိနေအုံးမည်ဟု ယုံကြည်မိ ပါတယ်။ ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီး၏ လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်အတွင်း လိုအပ်လျက်ရှိသောကျေးလက်ဒေသတွင် နေထိုင်သည့် ပြည်သူလူထုတို့၏ လမ်း၊ တံတား၊ ရေ၊ မီးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များအတွက် ခွင့်ပြုပေးခဲ့သည့် ထောက်ပံ့ငွေ ကျပ် ၂၆.၈၇၅ ဘီလီယံအား အကောင်အထည် ဖော်ပေးရန်၊ ဒါ့အပြင် ကျန်ရှိနေသည့် ကတိကဝတ်ပြုလုပ်ငန်းများနှင့် ကတိကဝတ်မပေး သည့်လုပ်ငန်းများပါ ဦးစားပေးပြီး အပြည့်အဝ ဖော်ဆောင်ပေးနိုင်မည်ဟု မျှော်လင့်ကြီးစွာ ဖြင့် ယုံကြည်မျှော်လင့်ခဲ့ရပါတယ်။

သို့ပါသော်လည်း အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ် ၂၆.၈၇၅ ဘီလီယံအား ခွဲဝေချထားပေးငွေစာရင်းမှာ ပူးတွဲပါစာရင်းများအတိုင်း တွေ့ရှိရပြီး လေ့လာ သုံးသပ်ကြည့်ပါက အောက်ပါအတိုင်းတွေ့ရှိရပါတယ်-

(က) ကျေးလက်ပြည်သူများကို အပြည့်အဝကျခံသုံးစွဲသည့် ဌာန (၃) ခု ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (နတလ)၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ ပထမ (နတလ)က ကျပ်သန်း ၃၀၀၀၊ ကျေးလက်

လမ်းဦးစီးဌာနက ကျပ်သန်း၂,၀၀၀၊ ကျေးလက်လမ်းဦးစီးဌာနကကျပ်သန်း ၃,၀၀၀၊ စုစုပေါင်း ကျပ်သန်း ၈,၀၀၀၊ အကျိုးပြုသည့် ရာခိုင်နှုန်းအားဖြင့်ဆိုရင် ၂၉.၇၇ ရာခိုင်နှုန်းရှိပါတယ်။

( ခ) ကျေးလက်/ မြို့ အကျိုးပြုသည့်ဌာနများ လျှပ်စစ်ဌာနက ကျပ်သန်းပေါင်း ၅,၀၀၀၊ လမ်းဦးစီးက ကျပ်သန်းပေါင်း ၆,၀၀၀၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ကျပ်သန်း ၈၀၀၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျပ် ၃၆၉ သန်း၊ မီးသတ်က ကျပ် ၉၂၈.၄သန်း၊ စုစုပေါင်း ကျပ် ၁၃,၀၉၇.၄ သန်း ၊ ရာခိုင်နှုန်းအားဖြင့် ၄၈.၇၃% ရှိပါတယ်။

( ဂ) မြို့ပြအကျိုးပြုသည့်ဌာန အစိုးရအဖွဲ့ ကျပ် ၄,၂၁၀.၇၉၅သန်း၊ စည်ပင်သာယာရေး ကျပ်သန်း ၁,၁၀၀.၀၀၀၊ စုစုပေါင်း ကျပ် ၅,၃၂၀.၇၉၅ သန်း၊ ရာခိုင်နှုန်းအားဖြင့် (၁၉.၈) ရာခိုင်နှုန်းရှိပါတယ်။

(ဃ) ဌာနအကျိုးပြုသည့် ဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျပ် ၄၅၆.၅၁၅သန်း ရှိပါတယ်။ အဲဒါကျတော့ (၁.၇၀)ရာခိုင်နှုန်း ရှိပါတယ်။

အထက်ဖော်ပြပါ အကျိုးပြုမှု ရာခိုင်နှုန်းသည် ကျေးလက်ဒေသအကျိုးပြုမှု ၂၉.၇၇ ရာခိုင်နှုန်း၊ ကျေးလက်/ မြို့အကျိုးပြုမှု ၄၈.၇၃ ရာခိုင်နှုန်း၊ မြို့ပြအကျိုးပြုမှု ၁၉.၈ ရာခိုင်နှုန်းနှင့် ဌာနအကျိုးပြုမှု ၁.၇ ရာခိုင်နှုန်း အသီးသီးရှိနေသည်ကို လေ့လာတွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေထောက်ပံ့မှု၏ အဓိကရည်ရွယ်ချက်၊ ရည်မှန်းချက်ဖြစ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ သဟဇာတ ရှိ/ မရှိ လေ့လာသုံးသပ်ရန် လိုအပ်လှပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ရှမ်းပြည်နယ်ရှိ ပြည်သူလူထုတို့၏ လိုအပ်ချက်များ ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်၍ ခွင့်ပြုပေးခြင်းဖြစ်ပါသော်လည်း ငွေစာရင်းခွဲဝေပေးမှုတွင် ညီမျှမှု၊ မျှတမှု၊ ပွင့်လင်းမြင်သာမှုမရှိဘဲ အားနည်းနေသည်ကို လေ့လာတွေ့ရှိရပါတယ်။ အဆိုပါ ထောက်ပံ့ငွေများဖြင့် လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြထားသော ပြည်သူ့အကျိုးပြုလုပ်ငန်းများအပေါ် ဖြည့်စွမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် အထူးလိုလားတောင့်တကြမည်ဖြစ်ပါတယ်။

**အကြံပြုသုံးသပ်ချက်**

ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူတို့သည် ကျေးလက်ဒေသတွင် ၇၅ ရာခိုင်နှုန်းနေထိုင်ပြီး မြို့ပြတွင် ၂၅ ရာခိုင်နှုန်း နေထိုင်လျက်ရှိရာ

ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်ရွယ်ချက်အတိုင်း ထောက်ပံ့ထားသည့် ရန်ပုံငွေကျပ် ၂၆.၈၇၅ ဘီလီယံတို့အား (ကျေးလက်နေပြည်သူများအား) လုံလောက်စွာဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရည်မှန်းပြီး ခွင့်ပြုရန်ပုံငွေ၏ ၂၉.၇၇ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်း ကျပ်အားဖြင့် ၁၂.၀၉၃ ဘီလီယံအထိ တိုးမြှင့်ခွင့်ပြုပြီး ငွေစာရင်းအား ပြန်လည်ရေးဆွဲခွဲဝေချထားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အဲ့ဒါနဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နည်းနည်းတင်ပြခွင့်ပြုပါ။ အဲ့ထဲမှာ ကျွန်တော်ခုနက ရှင်းလင်းတင်ပြတဲ့ထဲမှာ တကယ့်ထိထိရောက်ရောက်အကြံပြု၊ ဒေသဖွံ့ဖြိုးရေး ကျေးလက်နေပြည်သူ(၇၅%)အတွက်ထိရောက်တာ ကျပ်သန်း ၈၀၀၀ ဘဲရှိပါတယ်။ နောက်အထိုက်အလျောက်မြို့မှာ အကျိုးပြုတာတော့ ကျပ် ၁၃,၀၉၇.၄ သန်း ဖြစ်ပါတယ်။ နောက်မြို့ပြအကျိုးပြုတဲ့ စုစုပေါင်းစည်ပင်သာယာရေးတော့ မဆိုလိုပါဘူး။ မြို့ရဲ့အင်အား အင်မတန်အားနည်းတဲ့အတွက် ကြောင့်ထည့်ပေးတဲ့အတွက် အင်မတန်မှ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အစိုးရအဖွဲ့အနေနဲ့ ကျပ်သန်းပေါင်း ၄,၂၂၀.၇၉၅ သန်းအနက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဒေသဖွံ့ဖြိုးရေးဆိုပြီး ကျပ်သန်းပေါင်း ၄,၁၆၃.၇၉၅ သန်းကို AC နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ဆောင်ရွက်တယ်လို့ သိရှိရပါတယ်။ နောက်တောင်ကြီးမြို့လယ် ခုံးတံတားတည်ဆောက်ခြင်း ကျပ် ၁၈၈.၇၅၅ သန်း၊ နောက်ညောင်ရွှေမြို့၊ မြဝတီလမ်း၊ ဖောင်တော်ပြန်လမ်း (၂၄)ပေအကျယ် AC ခင်းခြင်း၊ (၂၀၉၉)ပေ၊ ကျပ်သန်းပေါင်း ၂၄၂.၇၇၀ သန်း၊ ပင်းတယမြို့၊ ပင်းတယမြို့အတွင်း ပင်းတယဂူလမ်းအား(၂၄)ပေအကျယ် AC ခင်းခြင်း (၆)ဖာလုံ ကျပ်သန်းပေါင်း ၅၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့နယ် လမ်း AC ခင်းခြင်း၊ မြို့တော်ခန်းမအဝိုင်းမှ ဈေးလမ်းပတ်လမ်းအပါအဝင် သုံးမြောင့်ရေပန်းလမ်းဆုံအထိ လမ်းမတော်အား AC ခင်းခြင်း၊ ပျမ်းမျှ (၄၈)ပေအကျယ် သိန္နီလမ်း AC ခင်းခြင်း၊ ပျမ်းမျှ(၄၄)ပေအကျယ် AC ခင်းခြင်း ကျပ်သန်းပေါင်း ၁,၇၇၂.၅ သန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၊ တာချီလိတ်မြို့တွင်း AC ခင်းခြင်း၊ မြန်မာ– ထိုင်း အမှတ်(၂)တံတား မီးပွိုင့်မှ သစ္စာလက်ဘက်ရည်ဆိုင်ရှေ့အထိ (၁)မိုင်ကို (၄.၃၃)ဖာလုံ ခင်းခြင်း ကျပ်သန်းပေါင်း ၁,၄၀၀ ဆိုတော့ အဲ့ဒါတွေဟာ တကယ်တန်း ဒေသဖွံ့ဖြိုးရေးကို အကျိုးရှိပါ့မလားဆိုတာ သံသယဖြစ်စရာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဥပမာ– ညောင်ရွှေမြို့ဆိုလည်း ဟုတ်ပါတယ်တင်ပြချက်က သက်ဆိုင်ရာကို ကျွန်တော်လည်းမေးပါတယ်။ ဘာကြောင့် အဲ့လောက်လည်းဆိုတာ။ တိုးရစ်တို့လာလည်တယ်ဆိုတာမျိုးတွေ ရှိပါတယ်။ တကယ်တမ်းကျ တိုးရစ်ဆိုတဲ့ဟာအနေနဲ့ ဘာဘဲခင်းခင်း စိတ်ဝင်စားမှာ မဟုတ်ဘူး။ အဓိက သူတို့လာလည်တာက အင်းလေးသဘာဝအလှအပတွေ၊ ပတ်ဝန်းကျင်တွေဘဲ စိတ်ဝင်စားတာ။ လမ်းကလည်းနဂိုက အကောင်းရှိနေပြီးသား၊ ကတ္တရာလည်း ခင်းပြီးသား၊ မလိုအပ်ဘူးလို့ထင်ပါတယ်။ အဲ့ဒီငွေအစား တကယ့်လိုအပ်နေတဲ့ ကျေးလက်ပြည်သူများ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရင် မကောင်းဘူးလားဆိုတဲ့ဟာကို စဉ်းစားပေးဖို့ လိုအပ်ပါလိမ့်မယ်။

ထိုနည်းတူစွာ ပင်းတယဆိုလည်း လမ်းဆိုလည်း တပေါင်းလဘုရားပွဲကျမှ စည်ကားတဲ့ ဘုရားပွဲတော်ကြီးပါ။ ယခုလည်း လမ်းကောင်းနေပါတယ်။ အတက်အဆင်းလည်း အဆင်ပြေ နေပါတယ်။ ပြည်သူလူထုလည်း ဘာမှရုပ်ဆိုးဆိုးလည်းမရှိဘူး။ နစ်နာမှုလည်းမရှိဘူး။ သူ့ဘာသာအေးချမ်းပြီးပြဿနာမရှိဘူး။ လူမှုပတ်ဝန်းကျင်အတွက်လည်း ထိခိုက်မှုမရှိဘူး။ ကောင်းနေတော့ သွားလိုက်လာလိုက်နဲ့ ဆုံးရှုံးမှုလည်း မရှိကြဘူး။ မလိုအပ်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ လမ်းလည်းကတ္တရာလမ်း သူ့ဘာသာကောင်းနေတာ။ တစ်နှစ်မှတစ်ခါ ပွဲတော် ဖြစ်တဲ့အတွက်ကြောင့် လိုအပ်လိမ့်မယ်လို့လည်း မထင်ပါဘူး။ အကယ်၍များ ဒီငွေamount လေးတွေ ဥပမာ– ကျပ် ၂၄၂.၇ သန်း၊ ဒေသဖွံ့ဖြိုးမှုတစ်ခုခု လုပ်လိုက်မယ်ဆိုရင် အများကြီး သက်ဆိုင်ရာ ကျေးလက်နေပြည်သူများအတွက် အင်မတန်မှ အကျိုးရှိလိမ့်မယ်လို့ ယုံကြည် ပါတယ်။ ထိုနည်းတူစွာ ကျွန်တော်တို့ လားရှိုးမြို့ဆိုရင်လည်း မရောက်တာကြာပြီ၊ တကယ် တန်းတော့ လားရှိုးမြို့ဆိုလည်း သူ့ဟာနဲ့သူတော့ ကောင်းနေပါတယ်။ လမ်းတွေလည်း လုပ်ထားတာ ဖြူးနေပါတယ်။ ကွန်ကရစ်လမ်းတို့ ကတ္တရာတို့ တကယ်တမ်း လိုအပ်လား၊ မလိုအပ်ဘူးလားဆိုတာ တန်ဖိုးကလည်း ကျပ်သန်းပေါင်း(၁,၁၇၂.၅)သန်းဆိုလည်း ကျပ်သိန်း **တစ်သောင်း**ဟာဆိုရင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အပေါ် ပြည်သူတွေ ဘယ်လောက်များ အကျိုးရှိမလည်းအပေါ် စဉ်းစားပေးဖို့လည်း လိုအပ်လိမ့်မယ်လို့ ယုံကြည် ပါတယ်။

ထိုနည်းတူစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်၊ မြန်မာ– ထိုင်းအမှတ် (၂) တံတားဆိုလည်း ကုန်စည်ကူးသန်းသွားလာပြီး ကုန်စည်ဖြန့်ဖြူးတဲ့လမ်း ဖြစ်ပါတယ်။ ဘယ်သူမှ လည်ပတ်ကြည့်တာလည်း မရှိပါဘူး။ ပြည်သူလူထု လမ်းလျှောက်တဲ့ နေရာလည်း မဟုတ်ပါဘူး။ ယိုးဒယားကနေ ကုန်စည်ဝင်တယ်၊ ပစ္စည်းပြန်သွင်းတယ်။ ဒီလောက်ဘဲ လုပ်တာပါ ကောင်းနေတာလည်း ကျွန်တော်အမြင်နဲ့ပေါ့၊ လမ်းကလည်း အဖြူးပဲဖြစ်နေတယ်ဆိုတော့ မလိုအပ်ပါဘူး။ ဒီamount ကြီး ကျပ်သန်း ၁၄၀၀ ဆိုတော့ စုစုပေါင်း အဲ့လုပ်ငန်းမှာဆိုရင် ပေါင်းလိုက်ရင် ကျပ်သန်းပေါင်း ၄,၁၆၃.၇၉၅ သန်းဟာဆိုရင် တင်ပြတဲ့အတိုင်း ကျပ်သန်းပေါင်း ၄,၀၀၀ သန်း ထပ်ဖြည့်ပြီးတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်နယ်တစ်ခုလုံး လိုအပ်ချက်တွေ အတိုင်းအတာတစ်ခု သာတူညီမျှတိုးတက်ဖွံ့ဖြိုးလာလိမ့်မယ်လို့ ယုံကြည်တာနဲ့အညီ ဒါလေးကို လျှော့ချပြီးတော့ သက်ဆိုင်ရာ ကျေးလက်လုပ်ငန်းတွေကို ဖြည့်စွက်ပေးပါလို့ တင်ပြလိုပါ တယ်။ ခုနကကျွန်တော် တင်ပြသလို (၂၉.၇၇)ရာခိုင်နှုန်းတွင် (၄၅)ရာခိုင်နှုန်း တိုးမယ့်တိုးရင် amount က ကျပ်သန်း ၄,၀၀၀ ဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒီလုပ်ငန်းလေးတွေကို လျှော့ချပြီးတော့ သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ပြန်လည်ပြီးတော့ စာရင်းရေးသွင်းဆောင်ရွက် ပေးပါက ကျွန်တော်တို့ရဲ့ ပြည်နယ်တစ်ခုလုံးရဲ့ လိုအပ်ချက်၊ သက်ဆိုင်ရာဘဏ္ဍာရေးဝန်ကြီး၊

ဘဏ္ဍာရေးနှင့်စီမံကိန်း ဒုတိယဝန်ကြီး မှာကြားချက်အရလည်း လိုက်လျောညီထွေဖြစ်သွားမှာ ဖြစ်တဲ့အပြင် ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ လိုအပ်ချက်ကိုလည်း ဖြည့်စွမ်းတဲ့အနေအထား ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ နောက်တစ်ခုကျွန်တော်ဆိုလိုတာက ကျွန်တော်တို့ လေ့လာတွေ့ရှိထားတဲ့ ဌာနတွေလည်း ကြည့်မယ်ဆိုရင် အားနည်းချက်တစ်ခု ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ ဘာဖြစ်လည်းဆိုတော့ ဌာနရဲ့ အချက်အလက်တွေကို ပြန်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များလည်း လေ့လာသုံးသပ်ပြီးလို့ ယုံကြည်ပါတယ်။ ထွက်လာပြီဆိုရင် ဒါလည်းပွဲတိုင်းကျော်တဲ့ မြို့နယ်တွေရှိသလို ပွဲတိုင်းမကျော်တဲ့ဌာန ရှိပါတယ်။ ကျွန်တော်ဆိုလိုတာက အဲ့ဒီဌာနတိုင်း၊ ဌာနတိုင်းမှာ ပွင့်လင်းမြင်သာမှုအရ စာရင်းဇယား ကြည့်လိုက်ရင် ကလော၊ အောင်ပန်း၊ ညောင်ရွှေတောက်လျှောက် လိုဟာလေးတွေ အမြဲတမ်း ပွဲတိုင်းကျော်ဖြစ်တာတွေ နည်းနည်းစဉ်းစားပေးဖို့ လိုအပ်ပါတယ်။ နောက်တစ်ခါတစ်ချို့ဆို အစွန်အဖျား မြို့ငယ်လေးတွေ ဘယ်လိုဘဲတွက်ချက် လူဦးရေအားဖြင့် မြို့နယ်အရတွက်ချက်ရင် အင်မတန်မှနိမ့်ပါးပြီး ရာခိုင်နှုန်းအရ တွက်ချက်လိုက်ရင် တစ်ချို့က ရှမ်းပြည်နယ်တစ်ခု ဘတ်ဂျက်ရဲ့ **one point** တောင်မရပါဘူး။ **one** တောင်မရဘဲ (.94)၊ (.93)၊ (.83)တို့ဆိုတာ အင်မတန်မှ နည်းပါတယ်။ အဲ့လိုမြို့ငယ်လေးတွေအပေါ် စဉ်းစားပြီးတော့ မျှမျှတတညီမျှမှု ရှိနိုင်မလားဆိုတာလည်း စဉ်းစားပေးဖို့ လိုအပ်ပါတယ်။ ကျွန်တော်ထင်တာ လွှတ်တော် ကိုယ်စားလှယ်များအားလုံးလည်း စိစစ်ပြီး၊ ကြည့်ပြီးပြီလို့ ယုံကြည်ပါတယ်။ တချို့လည်း ကျွန်တော်နဲ့ ရင်းနှီးတဲ့ လွှတ်တော်တွေမှာ လုပ်စမ်းပါဦးလေး၊ ကျွန်တော်တို့မရှိပါဘူးကြည့်ပါဦး ဆိုတာတွေ ဟုတ်ပါတယ်ဒါလည်း အဲ့လိုဟာလေးတွေစသဖြင့် ပြန်လည်ပြီးတော့ စိစစ်ပြီးတော့ နောင်ဘတ်ဂျက်ဆိုရင် မျှမျှတတလေး ငဲ့ညာပြီးတော့ မျှမျှတတလေးဖြစ်အောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ အကြံပြုသုံးသပ်ချက်ကတော့ ရှမ်းပြည်နယ်အတွင်း မီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူတို့သည် ကျေးလက်ဒေသတွင် (၇၅)ရာခိုင်နှုန်း နေထိုင်ပြီး မြို့ပြတွင် (၂၅)ရာခိုင်နှုန်း နေထိုင်လျက်ရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်ရွယ်ချက်အတိုင်း ထောက်ပံ့ထားတဲ့ ရန်ပုံငွေ ကျပ် **၂၆.၈၇၅** သန်း လုံလောက်စွာဖြင့် လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်ပေးရန် ရည်မှန်းပြီး ခွင့်ပြုရန်ပုံငွေ (၂၉.၇၇)ရာခိုင်နှုန်းမှ (၄၅)ရာခိုင်နှုန်း ကျပ် ၁၂.၀၉၃ ဘီလီယံ တိုးမြှင့်ခဲ့ပြီး ငွေစာရင်းအား ပြန်လည်ခွဲဝေချပေးနိုင်ရန် လေးစားစွာ တင်ပြရခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စု အစိုးရအဖွဲ့မှ ထပ်မံခွင့်ပြုပေးခဲ့သည့် ရန်ပုံငွေ ကျပ် ၂၆.၈၇၅ ဘီလီယံအား လမ်းညွှန်ချက် နှင့်အညီ အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကျခံသုံးစွဲနိုင်ရန် ရန်ပုံငွေခွဲဝေချထားမှု များကို လေ့လာဆန်းစစ်ခဲ့ရာတွင် ညီမျှမှု၊ မျှတမှု၊ ပွင့်လင်းမြင်သာမှု လိုအပ်နေသေးသည်ဟု

ယုံကြည်မိသည်နှင့်အညီ ကျေးလက်နေပြည်သူများ အကျိုးမျှော်ကိုး၍ ပိုမိုဖြည့်စွက်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြီး သုံးသပ်အကြံပြုခြင်းဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်များလည်း ကျွန်တော် အစီရင်ခံတင်ပြချက်အတိုင်း ခံယူချက် ထပ်တူထပ်မျှရှိကြမည်ကိုလည်း ယုံကြည်မိသည်နှင့်အညီ ဝိုင်းဝန်းပံ့ပိုး စဉ်းစားပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်သလို အစိုးရအဖွဲ့လည်း ကျွန်တော်၏အကြံပြုသုံးသပ်ချက်အားကျေးလက်နေတိုင်းရင်းသားပြည်သူ့အကျိုး ဆတက်ထမ်းပိုး သယ်ပိုးပေးနိုင်ရန် မျှော်မှန်းပြီး စဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အကြံပြုတိုက်တွန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ကျွန်တော်တို့ ရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ စပ်လျဉ်းပြီးတော့မှ အထူးအစည်းအဝေး (၁/၂၀၁၉) မခေါ်ယူမီမှာ ကြိုတင်ပြီးတော့မှ ကျွန်တော်တို့ ဖွဲ့စည်းထားတဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ၊ ပြီးတော့မှ ဥပဒေပြုရေးဆိုင်ရာကော်မတီတို့ကနေပြီးတော့မှ သက်ဆိုင်ရာဌာနများကို ဒီလ (၃)ရက်၊ (၄)ရက်၊ (၅)ရက် နေ့များတွင် (၃)ရက်တိုင်တိုင် အကြံပြုဆွေးနွေးတယ်လို့ ကျွန်တော့်အနေနဲ့ သိရှိရပါတယ်။ ဒါ့အပြင် မနေ့ညနေအထိ အကြိတ်အနယ်နဲ့ ဆွေးနွေးတယ်လို့လည်း ကျွန်တော့်အနေနဲ့ သိရှိရပါတယ်။ ဒါကိုအစိုးရအဖွဲ့အနေနဲ့လည်းပဲ လိုအပ်သည်များကို ပြန်လည်ပြုပြင်တယ်လို့လည်း ကျွန်တော် ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ အစီအစဉ်အရ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီက ၂၀၁၉- ၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစာရင်းများနှင့် စပ်လျဉ်းပြီး သုံးသပ်အကြံပြုချက် အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်တင့်၊ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ။** ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) သို့တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အသီးသီးတို့အား မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ဒီနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၉-၂၀၂၀ ခု၊

ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ စိစစ်သုံးသပ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားမှာ ဖြစ်ပါတယ်။

**နိဒါန်း**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)(ပထမနေ့) (၈.၇.၂၀၁၉)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၉–၂၀၂၀ ခု၊ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများအပေါ် နည်းဥပဒေ ၆၄ နှင့်အညီ ကော်မတီကြားနာပွဲကို (၃.၇.၂၀၁၉) ရက်နေ့၊ (၅.၇.၂၀၁၉)ရက်နေ့နှင့် (၆.၇.၂၀၁၉)ရက်နေ့များတွင် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံး ဆိုင်ရာစိစစ်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာများအား ခေါ်ယူကြားနာခဲ့ပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

**လုပ်ငန်းဆောင်ရွက်ချက်**

(၃.၇.၂၀၁၉) ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ကော်မတီကြားနာပွဲ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ကျပ် ၂၃.၈၀၀ ဘီလီယံအား မြို့နယ်များသို့ အညီအမျှခွဲဝေချထားရေး အလေးထားဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ သို့သော် အချိန်ကန့်သတ်ချက်၊ ဌာနများ၏ ဆောင်ရွက်ဆဲလုပ်ငန်းများရှိနေခြင်း၊ ပြည်ထောင်စုမှ ဒေသဖွံ့ဖြိုးရေးအတွက် ဘတ်ဂျက်ခွဲဝေ ပေးထားပြီးဖြစ်ခြင်း၊ ဘတ်ဂျက်လိုအပ်ချက်များရှိသည့် ဌာနများအတွက် အခက်အခဲများစွာ ဖြစ်ပေါ်နေခြင်းများကြောင့် (၅.၇.၂၀၁၉)ရက်နေ့ ကြားနာပွဲတွင် ဌာနများ၏ လုပ်ငန်းလိုအပ် ချက်အရ လုပ်ငန်းအရေအတွက် တိုးမြှင့်ခြင်း၊ မြေပြင်အနေအထားပေါ်တွင် လိုအပ်မှုမရှိသည့် လုပ်ငန်းအရေအတွက် လျှော့ချခြင်း၊ စိစစ်ခြင်း၊ လိုအပ်သောလုပ်ငန်းများကို ခေါင်းစဉ် ပြောင်းလဲလုပ်ဆောင်စေခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

**လေ့လာတွေ့ရှိချက်**

၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပြည်ထောင်စုမှ ပထမအကြိမ် ထောက်ပံ့ငွေအဖြစ် ကျပ် ၂၂၅.၂၈၁ ဘီလီယံကို ထောက်ပံ့ပေးခဲ့ပါတယ်။ ၂၀၁၉–၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ပြည်ထောင်စုစီမံကိန်းနှင့်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်စိစစ်ခဲ့သည့် အစည်းအဝေးတွင် ပြည်ထောင်စုမှ ရှမ်းပြည်နယ်အတွက် ၀၃-၀၈။ လျှပ်စစ်မီးနှင့် ဓာတ်အားခငွေစာရင်းခေါင်းစဉ်တွင် ကျပ် ၁.၆၀၉ ဘီလီယံနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ငန်းစဉ်များ ဦးစားပေးဆောင်ရွက်ရန်ကျပ် ၂၃.၈၀၀ ဘီလီယံ၊ စုစုပေါင်း ကျပ် ၂၅.၄၀၉ ဘီလီယံကို ထပ်မံထောက်ပံ့ပေးခဲ့ပြီး၊ စုစုပေါင်း ပြည်ထောင်စုမှ ရှမ်းပြည်နယ်၏ လိုငွေအတွက် ထောက်ပံ့ငွေ ကျပ် ၂၅၀.၆၉၀ ဘီလီယံ ရရှိခဲ့ကို တွေ့ရှိရပါတယ်။

ထို့အပြင် ပြည်ထောင်စုစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်အတွင်းရှိ ဌာန/ အဖွဲ့အစည်းများ၏ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းနှင့် ရုံးသုံး မော်တော်ယာဉ်/ ဆိုင်ကယ်ဝယ်ယူခြင်းများအတွက် ကျပ် ၃.၀၇၅ ဘီလီယံ စိစစ်လျှော့ချခဲ့ပြီး အဆိုပါ စိစစ်လျှော့ချငွေရပ်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေ ကျပ် ၂၃.၈၀၀ ဘီလီယံ၊ စုစုပေါင်း ကျပ် ၂၆.၈၇၅ ဘီလီယံအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဌာန/ အဖွဲ့အစည်းများသို့ ဦးစားပေး၍ ခွဲဝေချထားပေးမှုကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေနှင့် ဝန်ထမ်းအိမ်ရာ/ ဆိုင်ကယ်/ ကားများ စိစစ်လျှော့ချငွေစာရင်းမှ ခွဲဝေချထားပေးငွေစာရင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က သာမန်အသုံးစရိတ် ငွေကျပ် ၅၇.၀၀၀ သန်း၊ ဒေသဖွံ့ဖြိုးရေး ငွေကျပ် ၄,၁၆၃.၇၉၅ သန်း၊ ပေါင်း ငွေကျပ် ၄,၂၂၀.၇၉၅ သန်း၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက ငွေကျပ်သန်း ၃,၀၀၀. ၀၀၀၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ငွေကျပ် ၃၆၉.၀၀၀ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ်သန်း ၂,၀၀၀.၀၀၀၊ မီးသတ်ဦးစီးဌာနက ငွေကျပ် ၉၂၈.၄၀၀ သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ် ၄၅၆.၅၁၅ သန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ငွေကျပ်သန်း ၅,၀၀၀.၀၀၀၊ အားကစားနှင့် ကာယပညာဦးစီးဌာနက ငွေကျပ်သန်း ၈၀၀.၀၀၀၊ လမ်းဦးစီးဌာနက ငွေကျပ်သန်း ၆,၀၀၀.၀၀၀၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ငွေကျပ်သန်း ၃,၀၀၀.၀၀၀၊ စည်ပင်သာယာရေးဌာနက ငွေကျပ် ၁,၁၀၀.၀၀၀ သန်း၊ ပေါင်းငွေကျပ် ၂၆,၈၇၄.၇၁၀ သန်း ထပ်မံခွဲဝေချထားပေးပြီး ၀၃-၀၈ အတွက် ထပ်မံခွဲဝေချထား ငွေကျပ် ၁,၆၀၈.၉၇၅ သန်း၊ စုစုပေါင်း ငွေကျပ် ၂၈,၄၈၃.၆၈၅ သန်း ခွဲဝေချထားပေးသည်ကို စိစစ်တွေ့ရှိရပါတယ်။

**လုပ်ငန်းပမာဏ ပြောင်းလဲလျာထားသည့် ဌာနနှင့် လုပ်ငန်းများ**

ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီအနေဖြင့် မူလလုပ်ငန်းများအား စိစစ်လျှော့ချခြင်း၊ ပြောင်းလဲခြင်းများကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ စိစစ်ချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၏ ၀၃-၂၇။ နေ့ကြီးရက်ကြီးများကျင်းပခြင်းအတွက် ထပ်တိုးခွင့်ပြု ရန်ပုံငွေကျပ်သန်း ၅၀ အား မူလတင်ပြစဉ်က ဒေသတစ်ခုတည်းအတွက် ခွဲဝေချထားကြောင်း စိစစ်တွေ့ရှိရသဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပွဲတော်များတွင် အသုံးပြုနိုင်ရန် ဒေသ(၄)ခုအတွက် ပြောင်းလဲပြင်ဆင်ရန်၊ AC လမ်းခင်းခြင်းလုပ်ငန်း (၄)ခု ဆောင်ရွက်ရန်ဖော်ပြထားမှု ငွေကျပ် ၃,၃၁၅.၂၇ သန်းအား တောင်ကြီးခရိုင်နှင့် ကျောက်မဲခရိုင်ချင်းဆက်လမ်းဖြစ်သည့် ကျောက်ဂူ-နောင်ဝိုး-နမ့်လန် လမ်းအတွက် ကျပ်သန်း ၂,၀၀၀၊ ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ် ၁,၃၁၅.၂၇ သန်း ပြောင်းလဲဆောင်ရွက်ရန် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ မဟာဓာတ်အားလိုင်းမရရှိသေးသည့် ဒေသများတွင် ၄၀၀ ဗို့လိုင်းများ တည်ဆောက်ရန်အတွက် တင်ပြသည့်လုပ်ငန်းများသည် ၎င်းဒေသများအတွက် အကျိုးဖြစ်ထွန်းမှုနည်းပါးသဖြင့် အဆိုပါလုပ်ငန်းများအတွက် လျာထားသည့်ငွေများအား လက်ရှိအကျိုးဖြစ်ထွန်းမည့် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဟိုမိန်းနှင့် ပြည်ထောင်စုမှပစ္စည်းထောက်ပံ့ပေးမည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းဒေသသို့ ခေါင်းစဉ်ပြောင်းလဲသုံးစွဲဆောင်ရွက်ရန်၊ မီးသတ်ဦးစီးဌာန၏ Mobile Fire Fighting Supporting Machine LUF 60 ဝယ်ယူရန်အတွက် ငွေကျပ် ၄၂၈.၄၀၀ သန်း တင်ပြချက်အစား အမှန်တကယ်လိုအပ်မည့် ရှာဖွေကယ်ဆယ်ရေး ယာဉ်၊ သူနာတင်ယာဉ်နှင့် ပစ္စည်းကိရိယာ(၃)မျိုးအတွက် ပြောင်းလဲဝယ်ယူရေးပြင်ဆင်ရန်အောက်ပါဌာနများ၏ မူလလုပ်ငန်းအရေအတွက်များကို ပြောင်းလဲပြင်ဆင်ခဲ့ပါတယ်-

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ မူလလုပ်ငန်းအရေအတွက် (၅)ခုမှ ငွေကျပ် ၃,၄၁၅.၂၇ သန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရဲ့ မူလလုပ်ငန်းအရေအတွက် (၁၃)ခုမှ ငွေကျပ် ၅၇၇.၄၈၄ သန်း၊ မီးသတ်ဦးစီးဌာနရဲ့ မူလလုပ်ငန်းအရေအတွက်(၂)ခုမှ ငွေကျပ် ၄၂၈.၄၀၀ သန်းတို့ကို အကြံပြုပြောင်းလဲခဲ့တာ ဖြစ်ပါတယ်။

**အကြံပြုချက်**

ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်–

(က) ဌာနဆိုင်ရာများအနေဖြင့် ဘတ်ဂျက်တွင် ရေးဆွဲတင်ပြမည်ဆိုပါကဆောင်ရွက်မည့်လုပ်ငန်းများသည် အမှန်ဆောင်ရွက်ရန် လိုအပ်ခြင်း ရှိ/ မရှိကို အောက်ခြေမြေပြင်အထိ ကွင်းဆင်းစိစစ်ပြီးမှ တင်ပြရန်၊

( ခ) မြေနေရာမရှိဘဲ အဆောက်အဦများ တောင်းခံခြင်း၊ ဝန်ထမ်းအိမ်ရာနှင့် ရုံးအဆောက်အဦဆောက်လုပ်မှုမပြီးသေးဘဲ ပရိဘောဂများနှင့် ရုံးသုံးပရိဘောဂများ တောင်းခံခြင်းမပြုရန်၊

( ဂ) မြို့နယ်များတွင် ခုံးကျော်တံတားတည်ဆောက်ရန် လိုအပ်ပါက ရှေ့အလားအလာနှင့်အကျိုးပြုမည့်နေရာကို သေချာစွာစိစစ်ရွေးချယ်ပြီးမှ ဆောင်ရွက်ရန်၊

(ဃ) ဘတ်ဂျက်ခွင့်ပြုခွဲဝေမှုမတိုင်မီ ဝန်ကြီးဌာနအလိုက် ကြိုတင်ဆောင်ရွက်ထားသောလုပ်ငန်းများသည် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့စွဲပါစာအမှတ်၊ ၁၀၀(၁/၁၀၄၂)/၇/သမ္မတရုံးဖြင့် ညွှန်ကြားချက်နှင့်မညီညွတ်သဖြင့် ကြိုတင်ဆောင်ရွက်ထားပါက သက်ဆိုင်ရာဌာနများ ၏တာဝန်သာဖြစ်ကြောင်းနှင့် လုပ်ငန်းများ ဘတ်ဂျက်ခွင့်ပြုမှုမရရှိဘဲ ကြိုတင်ဆောင်ရွက်ထားခြင်းမပြုရန်၊

( င) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများတွင် ရိုးရာပွဲတော်များ ကျင်းပနိုင်ရန်အတွက် ဘတ်ဂျက်ကို တစ်ပြေးညီလျာထားရန်၊

( စ) ဘတ်ဂျက်များရေးဆွဲတင်ပြရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများ၊ ခရိုင်၊ မြို့နယ် စသည်တို့ကို တိကျရှင်းလင်းစွာရေးသားဖော်ပြရန်၊

(ဆ) ဘတ်ဂျက်နှင့်ပတ်သက်သည့် ကော်မတီအစည်းအဝေးများသို့ အဆုံးအဖြတ်ပေးနိုင်မည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အရာရှိများကိုယ်တိုင် တက်ရောက်ရန်။

( ဇ) ဘတ်ဂျက်နှစ်မတိုင်မီ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီတို့ ကြိုတင်တွေ့ဆုံပြီး ဘတ်ဂျက်မူဘောင်၊ စည်းမျဉ်းများ၊ အချိုးအစားများ ညှိနှိုင်းရန်၊

(ဈ) စည်ပင်သာယာရေးဌာနမှ တင်ပြသည့် စီမံကိန်းနှင့် ဘတ်ဂျက်များကို ပြည်ထောင်စုက ဖြတ်ချသည်ကို တွေ့ရသဖြင့် ထိုသို့ဖြတ်ချခြင်းမပြုရန် ရှမ်းပြည်နယ်အစိုးရက ပြည်ထောင်စု၌ ဆွေးနွေးသည့်အချိန်တွင် တင်ပြရန်။

**သုံးသပ်ချက်**

သုံးသပ်ချက်အနေဖြင့် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါတယ်-

(က) Computer ၊ Laptop နှင့် မော်တော်ယာဉ်စသည့် စက်ပစ္စည်းများ၊ ယာဉ်များအတွက် ဘတ်ဂျက်ထည့်သွင်း လျာထားရာတွင် စက်ပစ္စည်းအမျိုးအစား၊ model ပြည့်စုံစွာ ထည့်သွင်းပြီး တွက်ချက်မှုနှုန်းထားများအား တစ်ပြေးညီ ဖြစ်စေရေး စိစစ်၍ တင်ပြရန်၊

( ခ) ဝန်ကြီးချုပ်နှင့်ဝန်ကြီးများခရီးစဉ်တွင် ပြည်သူလူထုမှတင်ပြတောင်းခံသည့် လုပ်ငန်းများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံသုံးစွဲရန်။

( ဂ) ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ ခရီးစဉ်များတွင် လမ်းညွှန်မှာကြားချက် လုပ်ငန်းများကို တရားဝင်စာဖြင့် ခွင့်ပြုချက်ရယူဆောင်ရွက်ရန်နှင့် မြို့နယ်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲပြီးမှသာ ဘတ်ဂျက်တွင် ရေးဆွဲရန်၊

(ဃ) ဘတ်ဂျက်များရေးဆွဲတင်ပြရာတွင် မြို့နယ်အလိုက် အချိုးမျှတစွာခွဲဝေပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော ဒေသများကို ဦးစားပေးခွဲဝေပေးရန်၊

( င) စီမံကိန်းများရေးဆွဲရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိကဝတ်များကို အလေးထားထည့်သွင်းရေးဆွဲပေးရန်၊

( စ) AC လမ်းခင်းခြင်းလုပ်ငန်းတွင် သုံးစွဲမည့် ငွေကျပ်သန်း ၅၀၀ အား ဥပမာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ကျေးလက်လမ်းဦးစီးဌာနမှ လမ်းခင်းမည် ဆိုပါက ကတ္တရာလမ်း ၃ မိုင်၊ ကျောက်ချောလမ်း ၄ မိုင်၊ မြေသားလမ်း ၁၆ မိုင်

၆ ဖာလုံကို လည်းကောင်း၊ ငွေကျပ်သန်း ၁,၄၀၀ အား ကျေးလက်လမ်းဦးစီးဌာနမှ လမ်းခင်းမည်ဆိုပါက ကတ္တရာလမ်း ၈မိုင် ၂ဖာလုံ၊ ကျောက်ချောလမ်း ၁၀ မိုင် ၆ ဖာလုံ၊ မြေသားလမ်း ၄၆ မိုင် ၆ ဖာလုံကိုလည်းကောင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

(ဆ) ငွေကျပ်သန်း ၅၀၀ အား လမ်းဦးစီးဌာနမှ AC လမ်းခင်းမည်ဆိုပါက ၆ဖာလုံ၊ ကတ္တရာလမ်း ၁မိုင် ၂ဖာလုံ၊ ကွန်ကရစ်လမ်း ၁မိုင် ၁ဖာလုံကို လည်းကောင်း၊ ငွေကျပ်သန်း ၁,၄၀၀ အား လမ်းဦးစီးဌာနမှ AC လမ်းခင်းမည်ဆိုပါက ၁ မိုင်၊ ၄ ဖာလုံ၊ ကတ္တရာလမ်း ၃ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်လမ်း ၃ မိုင် ၁ ဖာလုံကိုလည်းကောင်းဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ AC လမ်းခင်းတဲ့အချိန်မှာ အကျိုးပြုမှုရေိယာအနေနဲ့ ကျေးလက်လမ်းနဲ့ လမ်းဦးစီးဌာနကနေ ခင်းမဲ့လမ်းတွေကဆိုရင် တော်တော်လေး ကွာခြားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

**တင်ပြချက်**

ရှမ်းပြည်နယ်အတွင်းရှိ ဌာန/ အဖွဲ့အစည်းများသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေကျပ် ၂၃.၈၀၀ ဘီလီယံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ရုံးသုံးမော်တော်ယာဉ်/ ဆိုင်ကယ်ဝယ်ယူခြင်းများအတွက် စိစစ်လျှော့ချငွေကျပ် ၃.၀၇၅ ဘီလီယံ၊ စုစုပေါင်းကျပ် ၂၆.၈၇၅ ဘီလီယံ ထပ်မံခွဲဝေချထားပေးမှုအပေါ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိချက်များအား အစီရင်ခံစာတင်ပြရခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ဒီ ၂၃ ဘီလီယံပေါ်မှာ ခွဲဝေထားတဲ့ ငွေပမာဏကဆိုရင် ကျေးလက်ဒေသအတွက် ၃၀ ရာခိုင်နှုန်း၊ ကျေးလက်နှင့် မြို့ပြအတွက် ၄၈ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်အစိုးရရဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ၂.၇ ရာခိုင်နှုန်း သုံးစွဲထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ တကယ်တမ်း ကျေးလက်နဲ့မြို့ပြ (၂)ခု ပေါင်းဟာဆိုရင် ၇၇ ရာခိုင်နှုန်းရှိပါတယ်။ ၇၇ ရာခိုင်နှုန်းမှာ ကျွန်တော်တို့ တကယ်တမ်း အသုံးပြုမဲ့ဟာက တစ်ချို့သော ဌာနတွေဟာ ပြုပြင်လို့မရတဲ့ နေရာတွေရှိပါတယ်။ ဥပမာ လျှပ်စစ်မီးဆိုရင် မဟာဓာတ်အားလိုင်းရှိတဲ့အတွက် ကျွန်တော်တို့ အချိုးကျကျ ခွဲဝေလို့ မရပါဘူး။ ကျွန်တော်တို့ ဒီမှာ ဌာန(၆)ခုဟာဆိုလို့ရှိရင် အချိုးညီညီခွဲဝေထားတာ တွေ့ရှိရပါတယ်။ ဘယ်ဌာနတွေလဲဆိုရင် လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာန၊ နတလ၊ မီးသတ်၊

နောက်ပြီး စည်ပင်သာယာရေးဌာနတို့ ဖြစ်ပါတယ်။ ဒီဌာနကြီး (၆)ခုဟာဆိုရင် ဒီဘတ်ဂျက်ကို အညီအမျှခွဲဝေတာဖြစ်ပါတယ်။ တစ်ချို့သော ဆည်မြောင်းတို့လိုဌာနတွေကတော့ အညီအမျှ ခွဲဝေလို့မရတဲ့ဌာနတွေဖြစ်တဲ့အတွက် ဒါကိုလည်း ကျွန်တော်တို့ နားလည်ပေးဖို့ လိုအပ်ပါတယ်။ လျှပ်စစ်နဲ့ပတ်သက်လို့ရှိရင် မဟာဓာတ်အားလိုင်းမရှိတဲ့နေရာတွေမှာ ကျွန်တော်တို့ အဆင်မပြေမှုတွေ ခွဲဝေမှုတွေဟာ လျော့နေတာရှိပါတယ်။ တစ်ချို့ကျွန်တော်တို့ မဟာဓာတ်အားလိုင်းဝင်မဲ့နေရာကို ၄၀၀ ဗို့တွေနဲ့ ဆွဲထားမဲ့ဟာတွေကို ကျွန်တော်တို့ ခွင့်ပြုလျှော့ချထားတာရှိပါတယ်။ အခု မိုင်းဆတ်ဆိုလို့ရှိရင် ရေအားလျှပ်စစ်မှ ၄၀၀ ဗို့ပြန်ပေးမယ်။ တကယ်တမ်းမြေပြင်မှာ၊ အောက်ခြေမှာကျတော့ မိုင်းဆတ်လိုဟာမျိုးဟာ ၄၀၀ ဗို့ဓာတ်အားလိုင်းဆွဲပြီး ထုတ်ဖို့မရတဲ့အတွက်ဒါကိုစိစစ်လျှော့ချထားတာဖြစ်ပါတယ်။ တစ်ချို့ဌာနတွေဟာ အညီအမျှခွဲဝေလို့မရပါဘူး။ ဌာနကြီး(၆)ခုကတော့ အညီအမျှ ခွဲဝေထားတာ တွေ့ရမှာပါ။ ဒါကြောင့် ဒီနေ့ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီကနေ စိစစ်တွေ့ရှိချက်တွေကို အစီရင်ခံစာတင်ပြရင်းနဲ့ ဒီ ၂၃ ဘီလီယံပေါ်မှာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အတည်ပြုပေးဖို့ ကျွန်တော့်အနေနဲ့ တောင်းဆိုရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစာရင်းများနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၁)ဦးနဲ့ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီတို့ရဲ့ ဆွေးနွေးသုံးသပ် အကြံပြုသွားတာကို ကျွန်တော် တွေ့ရှိရပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့နဲ့ ၎င်းစာရင်းအား အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ကို တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင် (ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်းရဲ့ အကြံပြုတင်ပြချက်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့များစွာ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ ပြည်နယ်အတွက် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေ ၂၃. ၈ ဘီလီယံနဲ့ စိစစ်ဖြတ်တောက်ငွေ ၃.၀၇၅ ဘီလီယံအားလုံးကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ဌာန/ အဖွဲ့အစည်းများကို ခွဲဝေချထားပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ ဒေသဖွံ့ဖြိုးရေးဆိုသည်မှာ ကျေးလက်ကို တင်မဟုတ်ပါဘူး။ တစ်ပြည်နယ်လုံးမှာရှိတဲ့ မြို့ပြကော၊ ကျေးလက်ကော စုစုပေါင်းကို ဒေသဖွံ့ဖြိုးတိုးတက်ရေးလို့ ဆိုလိုခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြတဲ့ ကျေးလက်ပြည်သူများကို အပြည့်အဝကျခံသုံးစွဲပေးသည့် နတလ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနက ၈ ဘီလီယံ၊ အကျိုးပြုသည့် ရာခိုင်နှုန်းက ၂၉.၇၇ ရာခိုင်နှုန်း ဆိုပြီးတော့ ထောက်ပြတာ ရှိပါတယ်။ ကျေးလက်/ မြို့ပြ အကျိုးပြုသည့် ဌာနများဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးက ထပ်ပြီးထောက်ပြတာရှိပါတယ်။ လျှပ်စစ်ဌာန၊ လမ်းဦးစီး၊ အား/ကာ၊ ဆည်/ မြောင်း၊ မီးသတ်ဆိုပြီး ဖြစ်ပါတယ်။ စုစုပေါင်း ၁၃ ဘီလီယံ၊ ၄၈.၇၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ တကယ်တမ်း ဒီလျှပ်စစ်ဌာန၊ လမ်းဦးစီး၊ အား/ကာ၊ ဆည်/ မြောင်း၊ မီးသတ်တို့သည်လည်း ကျေးလက်ကော၊ မြို့ပြကော (၂)ခုလုံးပါနေပြီးတော့ ကျေးလက်က အများဆုံး ကျွန်တော်တို့ ဘတ်ဂျက်ခွဲဝေသုံးစွဲထားခြင်း ဖြစ်ပါတယ်။ စုစုပေါင်း ကျေးလက်သည် ၇၈.၅ ရာခိုင်နှုန်းရှိနေပါတယ်။ ကျွန်တော်တို့ အစိုးရရဲ့ ရည်မှန်းချက်တွေ၊ ပန်းတိုင်တွေရှိပါတယ်။ အစိုးရအဖွဲ့က သုံးတဲ့ ၄.၂ ဘီလီယံဆိုတာက မြို့ပြရဲ့ အရေးပေါ်ရေလိုအပ်ချက်၊ မြို့ပြဖွံ့ဖြိုးမှု၊ ခရီးသွားလုပ်ငန်းမြှင့်တင်မှု၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးပေါ်ထောက်ပံ့မှု အစရှိသည်တို့ကို ကျွန်တော်တို့ မျှဝေသုံးစွဲခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရှမ်းပြည်နယ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ခရီးသွားလုပ်ငန်းမြှင့်တင်ရန်နဲ့ စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်မှာ အစိုးရရဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါတယ်။ စည်ပင်သာယာရေးအတွက် ၁.၁ ဘီလီယံသုံးစွဲထားခြင်းသည် စည်ပင်သာယာရေး၏ အရအသုံးဖြစ်ပါတယ်။ ရငွေ၊ သုံးငွေပေါ်မှာ ဖြစ်တဲ့အတွက် စည်ပင်သာယာရေးသည် အမြို့မြို့၊ အနယ်နယ်ကို ဖွံ့ဖြိုးတိုးတက်အောင် မလုပ်နိုင်ပါဘူး။ မြို့ပြတစ်ခု ပြောင်းလဲသွားအောင်၊ မြို့ပြလူတန်းစားအားလုံးဖွံ့ဖြိုးသွားအောင် ဆောင်ရွက်ဖို့ဆိုတာ စည်ပင်သာယာရေးရဲ့ရငွေနဲ့သုံးငွေဟာ မမျှတဲ့အတွက် မဆောင်ရွက်နိုင်တဲ့အတွက် ယခင်အစိုးရလက်ထက်အဆက်ဆက်မှာလည်း နိုင်/ ထောက် ဆိုပြီးတော့ နိုင်ငံတော် ထောက်ပံ့ငွေဆိုပြီး စည်ပင်

သာယာကို ထောက်ပံ့ခဲ့ရတာ အစဉ်အလာဖြစ်ပါတယ်။ ထိုနည်းတူပါပဲ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ စည်ပင်သာယာရေးရဲ့ မစွမ်းဆောင်နိုင်တဲ့အတွက် ကျွန်တော်တို့အစိုးရအနေဖြင့် အစိုးရက ပြည်/ ထောက် ဆိုပြီးတော့ ကျွန်တော်တို့ရဲ့ ပြည်နယ်က ထောက်ပံ့ငွေနဲ့ မြို့ပြတွေ ဖွံ့ဖြိုးတိုးတက်အောင်၊ ကျေးလက်ပါမကျန် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျေးလက်အတွက် စုစုပေါင်း သုံးထားတာသည် ၇၈.၅ ရာခိုင်နှုန်း ရှိပါတယ်။ ၂၉.၇၇ ရာခိုင်နှုန်းမကပါဘူး။ ကျေးလက်၊ မြို့ပြ (၂)ခု ပေါင်းထဲမှာလည်း ကျွန်တော်တို့ ကျေးလက်ကို အများစုသုံးစွဲထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ထောက်ပံ့တဲ့အထဲမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရမယ့် အချက်တွေလည်းရှိပါတယ်။ ဘယ်လိုအချက်တွေလည်းဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြတဲ့ နောက်လာမယ့် ဘတ်ဂျက်တွေမှာ ရှမ်းပြည်နယ်အစိုးရနဲ့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဒီဘတ်ဂျက်ခွဲဝေမှုကို အစဉ်အလာကောင်း တစ်ခုဖြစ်အောင် လာမည့်ဘတ်ဂျက်တွေမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးနဲ့ ဝန်ကြီးချုပ်ကိုယ်တိုင် ဒေသန္တရစီမံကိန်းနဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီနဲ့ အကျေအလည် ဆွေးနွေးပြီးမှ ကျွန်တော်တို့လွှတ်တော်ကို နောင်အစဉ်အလာကောင်းဖြစ်အောင် ဆောင်ရွက်သွားဖို့လည်း ဒီလွှတ်တော်မှာ ကျွန်တော်တို့အစိုးရအနေနဲ့ ကတိကဝတ်ပြုပါတယ်။ ဒါကြောင့်မို့လို့ ယခုခွဲဝေချထားပေးမှုနဲ့ စပ်လျဉ်းပြီးတော့ ကိုယ်စားလှယ်ကြီးများအပါအဝင် ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့လည်း ဆွေးနွေးပြီးဖြစ်ပါတယ်။ ဒေသန္တရစီမံကိန်းနဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှလည်း ပြောင်းလဲသင့်တာတွေ၊ ပြုပြင်ပြောင်းလဲသင့်တာတွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဌာနဆိုင်ရာအားလုံးနဲ့ ညှိနှိုင်းပြီးတော့ လိုက်လျောညီထွေစွာ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲပြီး ဖြစ်ပါတယ်။ ဌာနဆိုင်ရာ (၁၁)ရှိသည့်အနက် (၈)ဖွဲ့ရဲ့ စီမံကိန်းလုပ်ငန်းများကိုလည်း ပြင်ဆင်ဆောင်ရွက် ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နောက်နောင် ရှမ်းပြည်နယ်အစိုးရရဲ့ လိုအပ်ချက်တွေ ပြုပြင်ပြောင်းလဲပြီးတော့ ယခုရေးဆွဲတင်ပြထားသည့် ဌာန/ အဖွဲ့အစည်းများ၏ ရန်ပုံငွေခွဲဝေချ ထားမှုအခြေအနေ၊ ကျေးလက်၊ မြို့ပြ ညီညွတ်မျှတအောင် ရေးဆွဲထားသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ

ငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉)ဟာ ဒီကနေ့ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်သက်တမ်းမှာ အစည်းအဝေးများ ပြုလုပ်ကျင်းပနိုင်မှုကို ပြန်ကြည့်မယ်ဆိုရင် ယနေ့အထိ ပုံမှန်အစည်းအဝေး (၁၅)ကြိမ်၊ အရေးပေါ်အစည်းအဝေး (၃)ကြိမ်နှင့် ယခု အထူးအစည်းအဝေး(၁)ကြိမ်နှင့် စုစုပေါင်း(၁၉)ကြိမ်ကျင်းပနိုင်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ (၁၅)ကြိမ်တိတိကျင်းပခဲ့သည့် လွှတ်တော်ပုံမှန်အစည်းအဝေးများမှာ ဒေသန္တရစီမံကိန်းဆိုင်ရာ ဥပဒေကြမ်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ငွေစာရင်းများ တင်သွင်းခြင်းတို့ကို အဓိကထားပြီး ဆောင်ရွက်ခဲ့သလို အများပြည်သူနှင့် သက်ဆိုင်သည့် ဥပဒေကြမ်းများကိုလည်း အခါအားလျော်စွာ တင်သွင်းနိုင်ခဲ့ပါတယ်။ အဆိုများတင်သွင်းခြင်းနှင့် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းကိုတော့ ပုံမှန်အစည်းအဝေးတိုင်းမှာ ထည့်သွင်းဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ အရေးပေါ်အစည်းအဝေး (၃)ကြိမ် ကျင်းပရာမှာ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ရသုံးခန့်မှန်းခြေငွေစာရင်းကို အချိန်နှင့်တပြေးညီ အတည်ပြုနိုင်ရန်အတွက် ၂၀၁၆ ခုနှစ်မှာ အရေးပေါ်အစည်းအဝေး(၁/၂၀၁၆)ကိုလည်းကောင်း၊ အသစ်ခန့်အပ်သော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာပြုရန်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖြစ် အတည်ပြုခန့်အပ်နိုင်ရန်အတွက် အရေးပေါ်

အစည်းအဝေး (၁/၂၀၁၇)နှင့် အရေးပေါ်အစည်းအဝေး (၁/၂၀၁၈)ကို လည်းကောင်း အသီးသီး ခေါ်ယူကျင်းပခဲ့ပါတယ်။ အရေးပေါ်အစည်းအဝေးတွေမှာ အခြေအနေပေးမှုပေါ်မူတည်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းကဏ္ဍကိုလည်း ထည့်သွင်းဆောင်ရွက်ခဲ့ပါတယ်။ အထူး အစည်းအဝေးကိုတော့ ယခုတစ်ကြိမ် ခေါ်ယူကျင်းပတာဖြစ်ပြီး ဒီအထူးအစည်းအဝေးမှာ ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစာရင်းများအား လွှတ်တော်သို့ တင်သွင်း၍ လွှတ်တော်ရဲ့ အတည်ပြုချက်ကို ရယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါဟာဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃၀ အရ ဘဏ္ဍာရေးကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များအတွက် ပြည်ထောင်စုရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းအပါအဝင် ဆောင်ရွက်တာကို တွေ့ရှိရပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အထူးအစည်းအဝေး (၁/၂၀၁၉)မှာ လွှတ်တော်ကိုယ်စားလှယ်များ (၆)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၈)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဥပဒေကြမ်းအနေနဲ့ နောင်ကျင်းပမယ် ပုံမှန်အစည်းအဝေးတွေမှာ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် ယခုအထူးအစည်းအဝေး (၁/၂၀၁၉) အစည်းအဝေး ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအတွက် တောင်ကြီး၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် သင်တန်းများ၊ ဆွေးနွေးပွဲများကို ပြည်တွင်း၊ ပြည်ပ NGO၊ INGO များက စုစုပေါင်း (၆)ကြိမ် ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားလိုပါတယ်။ အစည်းအဝေးတက်ရောက်လေ့လာသူ Golden Future Organization မှ (၇)ဦး ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပြုရေး တာဝန်ကို ကိုင်တွယ်ကျင့်သုံးရာမှာ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်မှုကဏ္ဍတို့နှင့် ဟန်ချက်ညီညီ ထိန်းညှိ နိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ ဒီမိုကရေစီ၏ အစဉ်အလာကောင်းများဖြစ်သည့် အများစု၏ ဆန္ဒကို အနည်းစုကလိုက်နာခြင်း၊ အနည်းစု၏သဘောထားများကို အများစုကအလေးအနက်ထား အသိအမှတ်ပြုခြင်းစတဲ့ ကျင့်စဉ်များအတိုင်း လိုက်နာဆောင်ရွက်တတ်ဖို့လည်း လိုအပ်ပါတယ်။ ယနေ့ကာလမှာ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ဒီမိုကရေစီ ပန်းတိုင်ကို အရောက်လှမ်း နေကြရာတွင် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အစဉ်တစ်စိုက် အလေးထားဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုပြော ကြားရင်း နောင်ကျင်းပမည့် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ထပ်မံ ဆုံတွေ့ကြပါစို့လို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)(တတိယနေ့) အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) ပြီးမြောက်ကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (တတိယနေ့)အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာအပ်ပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

# ရှမ်းပြည်နယ်လွှတ်တော်

## မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်မှ

## ဝါဆိုလဆန်း ၉ ရက်ထိ

## (ခရစ်သက္ကရာဇ် ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ ၈ ရက်နေ့မှ ဇူလိုင် လ ၁၀ ရက်နေ့ထိ)

## တောင်ကြီးမြို့ရှိ ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉)

## ဆုံးဖြတ်ချက်များ

**ပထမနေ့ (၈- ၇- ၂၀၁၉) တနင်္လာနေ့**

၁။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉)(ပထမနေ့) ၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊တက်ရောက်သူ (၁၂၂)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ပထမနေ့)၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကနှုတ်ခွန်းဆက်စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၃။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၉) (ပထမနေ့)၌ **"ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့်မိန့်ခွန်း"**ကို လွှတ်တော်က မှတ်တမ်းတင်သည်။

၄။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ပထမနေ့)၌ နိုင်ငံတော်သမ္မတထံမှပေးပို့သော သဝဏ်လွှာအရ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် **"လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးဌာန"** တစ်ခု တိုးချဲ့ဖွဲ့စည်းလိုခြင်းနှင့်ပတ်သက်၍ လွှတ်တော်က သဘောမတူပါကြောင်း ဆုံးဖြတ်သည်။

**ဒုတိယနေ့ (၉- ၇- ၂၀၁၉) အင်္ဂါနေ့**

၅။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ဒုတိယနေ့) ၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး၊တက်ရောက်သူ (၁၂၁)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

**တတိယနေ့(၁၀– ၇– ၂၀၁၉) ဗုဒ္ဓဟူးနေ့**

၆။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် (၁၄၁)ဦး၊တက်ရောက်သူ (၁၂၁)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၇။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (ပထမနေ့) (၈.၇.၂၀၁၉)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းများတွင် ပြည်ထောင်စုမှ ထပ်မံထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစာရင်းများကို အစည်းအဝေး (တတိယနေ့)၌ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

၈။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၉) (တတိယနေ့)၌ **“ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်** အထူးအစည်းအဝေး (၁/၂၀၁၉) **ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ”** အား ရှင်းလင်း တင်ပြသည်။